# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၈၉/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ )

## မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) အတွင်းရှိ Medical School နှင့် Medical Center တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား ၇

၂။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေး သင်တန်းကျောင်း၊ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်နှင့် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့သို့ သွားရောက်လေ့လာပြီး ကျောင်းအုပ်ကြီး Rear-Admiral Vladimir Vasilievich BURAKOV နှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား ၉

၃။ Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားမှုများအား လေ့လာကြည့်ရှုပြီး Rosatom State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်စကား ၁၂

၄။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီအထူး အတွင်းရေးမှူး Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား ၁၄

၅။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်စကား ၁၆

၆။ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ တက်ရောက်ပါဝင်ဆွေးနွေးစဉ် ပြောကြားသည့်စကား ၁၈

၇။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) တက္ကသိုလ်ပါမောက္ခချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား ၂၄

၈။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Primorsky ဒေသ အစိုးရအဖွဲ့အကြီးအကဲနှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့အား သီးခြားစီတွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား ၂၆

၉။ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား ၂၈

၁၀။ Republic of Buryatia ပြည်နယ်၊ Ulan–Ude မြို့သို့ရောက်ရှိ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသို့သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား ၃၀

၁၁။ Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်စကား ၃၂

၁၂။ Ulan–Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျု့ဆိုက်ဘေးရီးယားဌာနခွဲ၊ ချူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား ၃၄

၁၃။ Ulan–Ude မြို့မှ Irkutsk မြို့သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် ရောက်ရှိစဉ် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား ၃၆

၁၄။ Irkutsk Aviation Plant Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား ၃၉

၁၅။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြားသည့်စကား ၄၁

၁၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၅၀

၁၇။ "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယ ဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်စကား ၅၈

၁၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၆၀

၁၉။ ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၆၇

၂၀။ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၇၁

၂၁။ မန္တလေးမြို့၊ စက်မှုဇုန်(၁)အတွင်း လုပ်ငန်းလည်ပတ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၇၂

၂၂။ မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရတနာပုံခန်းမ၌တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၇၄

၂၃။ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်ဆုရရှိခဲ့သော တပ်မတော်မှအားကစားသမားများနှင့် ဆုရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇၉


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) အတွင်းရှိ Medical School နှင့် Medical Center တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား

( ၅ - ၉ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) အတွင်းရှိ Medical School & Medical Center တို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Medical School သို့ ရောက်ရှိကြရာ Vice President of Medical Affairs of FEFU Gorgy Dr. Oleg I.Pak နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကျောင်းခန်းမ၌ ဒေသတွင်းနှင့် နိုင်ငံတကာမှ သင်တန်းသားများခေါ်ယူ၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန် ဆေးဘက်ဆိုင်ရာ ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေများ၊ ဆေးပညာရပ်အပြင် ဆေးဘက်ဆိုင်ရာအထောက်အကူပြုသင်တန်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးမှု၊ တိရစ္ဆာန်များအသုံးပြု၍ သုတေသနပြုလေ့ကျင့်ခန်းများ သင်ကြားပေးမှု၊ Robotic & Mechanistic နည်းပညာရပ်များအသုံးပြု၍ ခွဲစိတ်ကုသမှုလေ့ကျင့်ခန်းများကိုဆောင်ရွက် ပေးနိုင်မှုအခြေအနေများ၊ သင်တန်းကျောင်းနှင့်အတူ တွဲဖက်ဖွင့်လှစ်ထားသည့် ခုတင် ၂၅၀ ဆန့် ဆေးကုသမှုစင်တာတွင် ဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာများ၊ နိုင်ငံအတွက် ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး

ကျောင်းမှထွက်ပေါ်လာသည့် ထူးချွန်ကျောင်းသားကျောင်းသူများအနက် စိစစ်၍ နည်းပြများအဖြစ် ပြန်လည်ခန့်အပ်တာဝန်ပေးလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ သင်တန်းသားများအား လက်ခံသင်ကြားပေးလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်မည်ဆိုပါကလည်း ကြိုဆိုသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားများစေလွှတ်သင်ကြားနိုင်ရေးနှင့်ပတ်သက်၍ သင်တန်းသားရွေးချယ်မှုပုံစံများ၊ အဆင့်မြင့်ဆေးပညာရပ်များ တက်ရောက်သင်ကြားနိုင်မည့် အခြေအနေများ၊ သင်တန်းသားများ လာရောက်တက်ရောက်မည်ဆိုပါက ရရှိနိုင်မည့်အခွင့်အလမ်းများစသည်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကိုကျယ်ကျယ်ပြန့်ပြန့် ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းကလည်း သင်တန်းသားများစေလွှတ်နိုင်မည့် အခြေအနေများ၊ ဆေးတက္ကသိုလ်အချင်းချင်း၊ ဆေးရုံအချင်းချင်း ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Medical School အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ရောဂါအသီးသီးအလိုက် ဖြစ်ပွားမှုအခြေအနေမျိုးစုံကို symbol ပြသနိုင်သည့် simulation လူနာဖြင့် လက်တွေ့သင်ခန်းစာဆောင်ရွက်နိုင်မှု၊ ECG၊ Ultrasound နည်းပညာ၊ Micro Surgical Simulator ဖြင့် အသေးစိတ် ခွဲစိတ်ကုသလေ့ကျင့်ဆောင်ရွက်နိုင်မှု၊ အသားစများကို နမူနာယူ၍ သုတေသနပြုမှုများကို ဆောင်ရွက်လျက်ရှိသည့် Biotechnology ဌာနတို့၏ ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Medical Center သို့ရောက်ရှိကြရာ Medical Center ၏ ညွှန်ကြားရေးမှူးချုပ် Professor Dr.Igor S. Bryukhovetskiy က Medical Centers ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Vice President of Medical Affairs of FEFU & Medical Center ၏ ညွှန်ကြားရေးမှူးချုပ်တို့အား အမှတ်တရ လက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေး သင်တန်းကျောင်း၊ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်နှင့် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့သို့ သွားရောက်လေ့လာပြီး ကျောင်းအုပ်ကြီး Rear-Admiral Vladimir Vasilievich BURAKOV နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်စကား

( ၅ - ၉ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၅ ရက်နေ့တွင် ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ အရှေ့ဖျားရေငုပ်သင်္ဘော ဌာနချုပ်နှင့် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် Makarov Pacific Higher Naval School သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး Rear –Admiral Vladimir Vasilievich BURAKOV နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းအတွင်း သင်တန်းသားအဆောင်နှင့် ဌာနများဖြန့်ခွဲဆောင်ရွက်ထားရှိမှု၊ နှစ်စဉ်သင်တန်းသားများကို စိစစ်ရွေးချယ်တက်ရောက်စေမှု၊ သင်တန်းသားများအား သင်တန်းနှစ်အလိုက်နှင့် ဘာသာရပ်အလိုက် သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် သင်တန်းသမိုင်းအကျဉ်းတို့ကိုရှင်းလင်းတင်ပြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ရေတပ်လေ့ကျင့်ရေးကျောင်းအတွင်း လှည့်လည်၍ စာသင်ခန်းများအတွင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ Multimedia Room များဖြင့် စနစ်တကျလေ့ကျင့်ပေးနေမှုအခြေအနေများ၊ အလုပ်ရုံများအတွင်း သင်တန်းသားများ စက်မှု၊ လက်မှု ပညာရပ်များဖြင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများ၊ သင်တန်းသားများ၏ စားရေး၊ နေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် အခြေအနေများ၊ စာကြည့်တိုက်ကို IT စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုအခြေ အနေများ၊ သင်တန်းသားများကိုယ်တိုင် တီထွင်ထားရှိသည့် ဆိုလာစနစ်သုံးရေယာဉ်အား စမ်းသပ်မောင်းနှင်လျက်ရှိသည့် အခြေအနေများ၊ ကြံ့ခိုင်မှုဌာန၊ အိပ်ဆောင်များစသည်တို့ကို အသေးစိတ် စိတ်ဝင်တစားလေ့လာကြည့်ရှုကြရာ ကျောင်း အုပ်ကြီး၊ ဌာနအလိုက် တာဝန်ခံနည်းပြအရာရှိကြီးများ၊ သင်တန်းသားများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေတပ်လေ့ကျင့်ရေး ကျောင်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ရာ ကျောင်းအုပ် ကြီးနှင့် တာဝန် ရှိသူများက အမှတ်တရပစ္စည်းများ ဂါရဝ ပြုပြန်လည် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေတပ်လေ့ကျင့်ရေး ကျောင်းမှ Media သင်တန်းသားများ၏ သိရှိလိုသည် များနှင့် အကြံပြုလိုသည်များ မေးမြန်းမှုများအပေါ် လက်ခံဖြေကြားခဲ့ပြီး ရေတပ်လေ့ကျင့်ရေးကျောင်းမှ ပြန်လည်ထွက်ခွာသည်။

**ရေတပ်လေ့ကျင့်ရေးကျောင်း**

အဆိုပါ Makarov Pacific Higher Naval School ရေတပ်လေ့ကျင့်ရေးကျောင်းသည် ရုရှားနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနအောက်တွင်ရှိသည့် ရေတပ်လေ့ကျင့်ရေးကျောင်း

**ဗလာဒီဗော့စတော့ခ်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းကို ၁၈၇၂ ခုနှစ်တွင် ရုရှားရေတပ် ဌာနချုပ်အဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပထမကမ္ဘာစစ်ကာလအတွင်း ယင်းဆိပ်ကမ်းမှ တစ်ဆင့် စစ်ဘက်သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို အဓိကထားဆောင်ရွက်၊ ဒုတိယကမ္ဘာစစ်ကာလတွင် နိုင်ငံခြားမှ ကုန်တင် သင်္ဘောအချို့ စတင်ဝင်ရောက်လာခဲ့ပြီး ၁၉၅၀ ပြည့်နှစ်အလွန်နှစ်များတွင် နိုင်ငံတကာမှ သင်္ဘောများ ဝင်ရောက်လာခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် Vladivostock အပြည်ပြည် ဆိုင်ရာဆိပ်ကမ်းဟူ၍ ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံအရှေ့ပိုင်းတို့တွင် အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်။**

များအနက် တစ်ခုဖြစ်ကာ၊ ရုရှားနိုင်ငံ၏ Pacific Fleet အတွက် အရာရှိများကို ပြန်တမ်းဝင်အဖြစ် ခန့်အပ် ပေး လျက်ရှိပြီး ၁၉၃၇ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ရုရှား နိုင်ငံ၏ တတိယမြောက် ရေတပ်လေ့ကျင့်ရေးကျောင်း အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့သည် အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ် Pacific Fleet Headquarters သို့ရောက်ရှိလေ့လာကြရာ Deputy Commander of Pacific Navy Fleet ဖြစ်သူ Rear–Admiral Vladimir ASTAKHOV နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရေငုပ်သင်္ဘောဌာနချုပ်အတွင်း ရေငုပ်သင်္ဘောများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ကမ်းကပ်ရေငုပ်သင်္ဘောများ၏ လိုအပ်သည့်အုပ်ချုပ် ထောက်ပံ့မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေမှုအခြေ အနေများကို လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်

စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Deputy Commander of Pacific Navy Fleet တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်သည် ရုရှားနိုင်ငံရေပိုင်နက်များအတွင်း၌ ရေတပ်စစ်ရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေးအတွက် နေ့/ညမပြတ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေတပ်ဌာနချုပ်တစ်ခုဖြစ်ကြောင်းသိရှိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port OF Vladivostok သို့ ရောက်ရှိလေ့လာကြရာ Far Easterm Shipyard Company (FESC) ၏အကြီးအကဲ Mr. Andrey Severilov နှင့် Board of Directors အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် (FESC)၏ အကြီးအကဲက (FESC)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဆိပ်ကမ်းလုပ်ငန်းပိုင်းဆိုင်ရာနှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်နေသည့်အခြေအနေများနှင့် ကုန်စည်ပို့ဆောင်နိုင်မည့်အခြေအနေများ၊ အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Far Eastern Shipyard Company(FESC) ၏ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Managing Director ဖြစ်သူ Mr. Vladimir Korchanov နှင့် တာဝန်ရှိသူများက Container Terminal နှင့် Universal Terminal တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကိုယ်ပိုင်သင်္ဘောကြီးများ၊ ကွန်တိန်နာများ၊ ရထားလမ်းများ၊ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များဖြင့် (FESC)၏ လုပ်ငန်းဆောင်ရွက်မှုကို လည်ပတ်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

■ ■ ■

# Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားမှုများအားလေ့လာကြည့်ရှုပြီး Rosatom State Corporations မှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်စကား

( ၆ - ၉ - ၂၀၂၂ )




(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) ၌ စက်တင်ဘာ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ၊ နားလည်မှုစာချွန်လွှာရေးထိုးပွဲများ၊ တွေ့ဆုံမေးမြန်းမှုများကို ဆောင်ရွက်လျက်ရှိကြပြီး ကဏ္ဍပေါင်းစုံအလိုက် ပြခန်းများဖြင့်လည်း ခင်းကျင်းပြသထားသည်။

ထိုသို့ Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် အဖွဲ့ဝင်များက ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုလေ့လာကြသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RZD Russian Railways ကုမ္ပဏီပြခန်းသို့ရောက်ရှိကြရာ ပြခန်းတာဝန်ခံများက မီးရထားလမ်းကြောင်း နည်းပညာများနှင့် ဝန်ဆောင်မှုပေးနိုင်သည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး Rus Hydro Hydroelectric power generation company ပြခန်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ VEB.RF Investment

company ပြခန်း၊ Aeroflot Airline ပြခန်းတို့သို့ ရောက်ရှိလေ့လာခဲ့ရာ ပြခန်းများအလိုက် တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations ၏အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်များအား FEFU Campus အတွင်း တွေ့ဆုံ၍ နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် အတွေ့အကြုံနှင့် နည်းပညာများကို လေ့လာခွင့်ရရှိနိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံပြည်သူလူထု အကျိုးရှိစေနိုင်မည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုဘဝစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းစွာအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ငန်းစဉ်များ(Road Map) ချမှတ်ဆောင်ရွက်မည့် အစီအစဉ်များ၊ နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဲ့သို့သောလုပ်ငန်းအပါအဝင် သိပ္ပံနှင့်သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာအသုံးပြုဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**လက်မှတ်ရေးထိုး**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations တို့အကြားရေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ Rosatom State Corporations ၏အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachev၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား

( ၆ - ၉ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် စက်တင်ဘာလ ၆ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့၊ FEFU Campus အတွင်း၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ပြည်ထောင်စုဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum–2022)ကို တက်ရောက်နိုင်ရေး ဖိတ်ကြားခဲ့သည့်အခြေအနေများနှင့် ညှိနှိုင်းဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိသည့်အခြေအနေများ၊ လာမည့်နှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံမှု ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား၊ တပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်းပီသစွာဖြင့် ဆက်ဆံရေးကောင်းများကို တည်ဆောက်နိုင်ခဲ့သည့်အခြေအနေများ၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သကဲ့သို့အရပ်ဘက်ဆက်ဆံ

ရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍတို့တွင်လည်း ခိုင်မာသည့်ဆက်ဆံရေးသမိုင်းကောင်းကို တည်ဆောက် နိုင်ခဲ့သည့်အခြေအနေများ၊ ရုရှား–မြန်မာ မိတ်ဆွေညီအစ်ကို နိုင်ငံနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသစ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ များ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေးတို့အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား

## ( ၇ - ၉ - ၂၀၂၂ )




(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum -2022) သို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် စက်တင်ဘာလ ၇ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့၊ FEFU Campus အတွင်း၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးတို့တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Sergey Lavrov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay A. Listopadov နှင့် အစိုးရအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်

မြောက်မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း၊ ယခုကဲ့သို့ အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ လာရောက်တက်ရောက်သည့်အတွက်လည်း များစွာကျေးဇူးတင်ရှိကြောင်းဖြစ်ပွဲ ဦးစွာပြောကြားသည်။

**ထူးခြားသည့် သမိုင်းကြောင်းရှိသည့်ဆက်ဆံရေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်သမ္မတကြီး ပြောကြားခဲ့သကဲ့သို့ပင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ၇၅ နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုမှစတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်တွင် ရုရှားနိုင်ငံအနေဖြင့် အကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရသည်ဖြစ်သော်လည်းအဆွေတော်သမ္မတကြီးတာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အလွန်တိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိလာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘာ့အရေးကိစ္စမှန်သမျှကို သမာသမတ်ကျစွာဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် တွေ့မြင်ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုလ်တုနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်း နှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အသေးစိတ်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် ခင်မင်ရင်းနှီးစွာ အပြန်အလှန်နှုတ်ဆက်ခဲ့ကြသည်။

■ ■ ■

# (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ တက်ရောက်ပါဝင်ဆွေးနွေးစဉ်ပြောကြားသည့်စကား

( ၇ - ၉ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့၊ Far Eastern Federal University (FEFU)၌ ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session သို့ စက်တင်ဘာလ ၇ ရက်နေ့ ညနေပိုင်းတွင် ပါဝင်တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် Mr. Luvsannamsrain Oyun–Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu တို့နှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးသောင်းဟန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်မှ စီးပွားရေးဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ကိုယ်တိုင်တက်ရောက်၍ ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်စွမ်းအားတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အထူးစီးပွားရေးဇုန်များ ထူထောင်ထား၍ အာရှနှင့်ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း

ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဆိပ်ကမ်းများကို ဆက်သွယ်ရေးနည်းပညာအသုံးပြုအဆင့်မြှင့်တင်၍ ကုန်စည်သင်္ဘောများချိတ်ဆက်သွားလာနိုင်မည့် ဆိပ်ကမ်းကြီးတစ်ခု ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အာရှနှင့် ဥရောပကိုချိတ်ဆက်ပေးမည့် မြောက်ပိုင်းပင်လယ်လမ်းကြောင်းတစ်ခုဖြစ်ပေါ်လာရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် လိုအပ်သောစွမ်းအင် (Energy)ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အားလျော်စွာ စားနပ်ရိက္ခာလုံခြုံမှုရှိရေး

> **အာရှဒေသတွင်းနိုင်ငံများအကြား ကောင်းမွန်ခိုင်မာသော ဆက်ဆံရေးအား တည်ထောင်နိုင်ခြင်းဖြင့် မြောက်ပိုင်းမှ တောင်ပိုင်းသို့ဆက်သွယ်သော နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခု (International North South Transport Corridor–INSTC)ကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ ထွန်းကားလာမည်ဖြစ်ပြီး အာရှ – ပစိဖိတ်ဒေသ၏ ပထဝီနိုင်ငံရေးအရ တည်ငြိမ်မှုရှိရေးကိုလည်း ပို၍ခိုင်မာအားကောင်းလာစေမည်။**

(Food Security) သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံရေး (Food Security)ဆိုသည်မှာ နိုင်ငံတစ်ခုအတွင်း နေထိုင်ရှင်သန်ရပ်တည်လျက်ရှိသည့် သက်ရှိများအားလုံးအတွက် လုံလောက်သောစားနပ်ရိက္ခာ ထောက်ပံ့ပေးနိုင်ခြင်းပင်ဖြစ်သည်ဟု လွန်ခဲ့သောဆယ်စုနှစ်များစွာတိုင်အောင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးတိုးတက်လာသော ကုန်သွယ်ရေးလုပ်ငန်းများနှင့်အပြိုင် နိုင်ငံအသီးသီးအလိုက် စားသုံးကုန်များထုတ်လုပ်လာရာမှ ယနေ့ခေတ်တွင် အဆိုပါ အဓိပ္ပာယ် ဖွင့်ဆိုမှုသည် ပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စားသုံးကုန်များကို နိုင်ငံတကာဈေးကွက်တွင် ဝယ်ယူတင်သွင်းမှုများ ပြုလုပ်လာကြသဖြင့် ဘဏ္ဍာရေးလုံခြုံမှု (Financial Security)သည် စားနပ်ရိက္ခာလုံခြုံရေး (Food Security)အပေါ် လွှမ်းမိုးလာလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

**ဒေါ်လာအနိုင်ကျင့်မှု**

စားနပ်ရိက္ခာလုံခြုံရေး (Food Security)တွင် အဓိကကျသော စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများ အပါအဝင် အထောက်အကူပြုပစ္စည်းများ ရောင်းဝယ်ရာတွင် အချို့နိုင်ငံများသည် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲပြီး ဖြစ်လာသည့်ဒေါ်လာကို လက်နက်သဖွယ် အသုံးချလျက်ရှိသည့်အတွက် နိုင်ငံငယ်များသည် နိုင်ငံကြီးများ၏ ဒေါ်လာအနိုင်ကျင့်မှုခံနေရပြီး နိုင်ငံရေး၊ စီးပွားရေး ကိစ္စရပ်များတွင် နိုင်ငံကြီးများအား လွန်ဆန်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ရူဘယ်၊ ယွမ်၊ ရူပီး စသည့် ငွေကြေးများအား ဒေါ်လာအစားထိုးအဖြစ် အသုံးပြုသွားနိုင်ပါကြောင်း၊ ထို့အပြင် တိုက်ရိုက်ကုန်စည်ဖလှယ်မှုစနစ် (Barter System)ကိုလည်း ဒေါ်လာအစားထိုးဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှုအခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ အင်အားကြီးမိတ်ဆွေနိုင်ငံများကလည်း ဝိုင်းဝန်းကူညီပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာလုံခြုံရေးကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ရာ၌ လုံလောက်သော စားနပ်ရိက္ခာပမာဏရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံရန်လိုအပ်ပါကြောင်း၊ နိုင်ငံတစ်ခုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်မည်ဆိုပါက အဆိုပါနိုင်ငံကို စားနပ်ရိက္ခာပြည့်စုံကိုလုံသော နိုင်ငံအဖြစ် မှတ်ယူနိုင်မည်ပင် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခု၏ စားနပ်ရိက္ခာလုံခြုံရေးနှင့်ပတ်သက်၍ အဓိကစိန်ခေါ်နေသည့်အချက်များမှာ လူဦးရေတိုးမြင့်လာခြင်း၊ စားနပ်ရိက္ခာလိုအပ်ချက် (Demand) မြင့်တက်လာခြင်း၊ စားနပ်ရိက္ခာဈေးနှုန်းအပြောင်းအလဲများရှိခြင်း၊ စိုက်ပျိုးသီးနှံပင် မျိုးစိတ်များရှားပါးလာခြင်း သို့မဟုတ် ပျောက်ကွယ်သွားခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေနှင့်စိုက်ပျိုးမြေ ရှားပါးလာခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာပြုန်းတီးမှုနှင့် ဖြုန်းတီးမှုများရှိနေခြင်းတို့ပင်ဖြစ်ပါကြောင်း။

ကမ္ဘာ့လူဦးရေသည် လွန်ခဲ့သည့်နှစ်များအတွင်း တိုးပွားလာခဲ့ပြီး လူသားများ သက်တမ်းကြာရှည်စွာ ရှင်သန်နေထိုင်နိုင်မှု မြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံသို့ ရောက်ရှိမည် ဖြစ်ပါကြောင်း၊ သုတေသီများနှင့် ပညာရှင်များကလည်း ကမ္ဘာ့လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၈.၅ ဘီလီယံ၊ ၂၀၅၀ ပြည့်နှစ်တွင် ၉.၇၃ ဘီလီယံနှင့် ၂၁၀၀ ပြည့်နှစ်တွင် ၁၀.၄ ဘီလီယံအထိရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ လူတိုင်းအတွက် စားရေးသည် နေ့စဉ်လိုအပ်ချက်ဖြစ်သဖြင့် အဓိကကျပါကြောင်း၊ ဝတ်ရေး၊ နေရေးသည် နေ့စဉ်လိုအပ်ချက် မဟုတ်ပါကြောင်း၊ ထို့ကြောင့် စားရေးကို အဓိကထား ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူဦးရေတိုးမြင့်လာခြင်းနှင့်အတူ စားနပ်ရိက္ခာလိုအပ်မှု (Demand) သည်လည်း အချိုးကျမြင့်တက်လာမည်ဖြစ်ပြီး အထူးသဖြင့် ဆန်၊ ဂျုံ အစရှိသည့် အခြေခံစားကုန်များ၊ ဆီနှင့် ဆီထွက်သီးနှံများ၊ အသားနှင့် အသားထွက်ကုန်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများနှင့် အသီးအနှံများ၏ ဝယ်လိုအားသည်လည်း သိသာစွာ မြင့်တက်လာမည် ဖြစ်ပါကြောင်း။

**အခွင့်အလမ်းများစွာရှိ**

မိမိတို့ မြန်မာနိုင်ငံတည်ရှိသည့် အရှေ့တောင်အာရှဒေသသည် သဘာဝပထဝီဝင်အရ သမုဒ္ဒရာကြီးနှစ်ခုကို ဆက်သွယ်ပေါင်းကူးပေးရာတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေသည့် အားလျော်စွာ အင်ဒို-ပစိဖိတ်ဒေသကြီးတွင် အရေးပါသောနေရာမှ ပါဝင်နေလျက် ရှိပါကြောင်း၊ ထို့အတူ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (ASEAN)၏ အဖွဲ့ဝင်နိုင်ငံများသည်လည်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာရှိသော နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံ(၁၀)နိုင်ငံပါဝင်ပြီး လူဦးရေ စုစုပေါင်း သန်း ၆၆၀ သန်းကျော် မှီတင်းနေထိုင်လျက် ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း အဓိကစားကုန်များဖြစ်သည့် ဆန်စပါး မက်ထရစ်တန်ချိန် ၁၉၁ သန်းကျော်၊ ပြောင်း မက်ထရစ်တန်ချိန် ၄၅ သန်းကျော်၊ ကြံမက်ထရစ်တန်ချိန် ၁၄၄ သန်းကျော်နှင့် ပီလောပီနံ မက်ထရစ်တန်ချိန် ၇၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခြေခံစားသောက်ကုန်များအား ပမာဏအမြောက်အမြား ထုတ်လုပ်နိုင်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ကမ္ဘာ့စားနပ် ရိက္ခာလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၂.၆ ထရီလီယံနီးပါးရှိခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံခန့်သာရှိပြီး အာဆီယံပြင်ပနိုင်ငံများနှင့် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂ ထရီလီယံကျော်သည့်အတွက် အာဆီယံပြင်ပ ကုန်သွယ်မှုသည် သိသိသာသာပိုများသည်ကို တွေ့နိုင်ပါကြောင်း။

အာဆီယံဒေသကြီးတွင် အသားတင်စိုက်ပျိုးမြေ စုစုပေါင်း ဟက်တာ ၁၃၉ သန်းကျော်ရှိပြီး အဓိကဆန်စိုက်ပျိုးသည့် နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်စိုက်ပျိုးနိုင်မှုသည် ဟက်တာ ၂၃ သန်းကျော်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းမြေ

အားလုံးတွင် ဆန်စပါးစိုက်ပျိုးမှု ရာသီမရွေးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် အရင်းအမြစ်ကောင်းများဖြစ်သည့် စိုက်ပျိုးမြေနှင့် သဘာဝသစ်တောရေိယာများ၊ သဘာဝမြစ်ချောင်း အင်းအိုင်များ၊ ပင်လယ်ကမ်းရိုးတန်းများဖြင့် ပြည့်စုံသည့်နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း စိုက်ပျိုးမြေစုစုပေါင်း ဟက်တာ ၁၃ သန်းကျော်ရှိပြီး ဆန်၊ ပဲနှင့် ပြောင်းကို အဓိကတင်ပို့သည့်နိုင်ငံဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်များစွာရှိသည့်အားလျော်စွာ စပါး၊ ပဲမျိုးစုံ၊ ပြောင်းအပြင် နှမ်းနှင့် ဝါသီးနှံတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံမှု (Food Security) အတွက် ရိက္ခာထုတ်လုပ်ရန်အတွက် မျိုးကောင်းမျိုးသန့်၊ မြေဩဇာ၊ စိုက်ပျိုးရေ၊ စိုက်နည်းစနစ်များ ပြည့်စုံကောင်းမွန်ရန်လိုအပ်ပြီး အဓိကမှာ အပင်များအတွက် မြေဩဇာနှင့် ထွန်ယက်စိုက်ပျိုးရန်အတွက် ဒီဇယ်ဆီလည်းလိုအပ်ပါကြောင်း၊ ထို့ကြောင့် မိတ်ဆွေနိုင်ငံများမှ ကူညီဖြည့်တင်းပေးနိုင်မည်ဆိုပါက စိုက်ပျိုးထုတ်လုပ်မှုအား ယခုထက် ၂ ဆခန့် တိုးမြှင့်နိုင်မည်ဖြစ်ပြီး စားနပ်ရိက္ခာလုံခြုံမှု (Food Security)အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်ကပင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံသောစိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များအား အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အခြေခံစားနပ်ရိက္ခာထုတ်လုပ်သည့် ပင်မနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အခွင့်ကြုံခိုက်ပြောကြားလိုပါကြောင်းနှင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**သဘာဝဓာတ်ငွေ့နှစ်ထရီလီယံ**

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက် သတ်မှတ်ထားရှိပြီး လုပ်ကွက် ၈ ကွက်မှာ သဘာဝဓာတ်ငွေ့များ တွေ့ရှိတူးဖော်ပြီး ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း ဘင်္ဂလားပင်လယ်အော်အတွင်း၌ သဘာဝဓာတ်ငွေ့ ၂ ထရီလီယံ ကုဗပေကျော်တွေ့ရှိခဲ့ပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည်ဖြစ်ပါကြောင်း၊ အလားတူ ထိုထက်ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်မည့် အလားအလာများလည်း တွေ့ရှိပါကြောင်း၊ ထို့ကြောင့် နောင်လာမည့် ၃ နှစ်အတွင်း မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ပါဝင်စားသူများကို ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် ရှာဖွေဖော်ထုတ်ခြင်းမပြုရသေးသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များစွာ ကျန်ရှိနေပါသေးကြောင်း၊ အလားတူ ကြေးနီ၊ သံ၊ ခဲမဖြူ စသည့် သတ္တုများလည်း ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည့် ထုတ်လုပ်မှုလုပ်ငန်းများရှိပါကြောင်း။

**ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်**

မြန်မာနိုင်ငံသည် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိသကဲ့သို့ အပြန်အလှန်အားဖြင့် ဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့် အခြားသော ရေနံထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံမှတင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပိုမိုတိုးမြှင့်နိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံအတွက် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ယခုဖိုရမ်သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြားအခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရာဘာအခြေခံ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍများ၊ အထည်ချုပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် အခြားပြည်ပကုန်သွယ်ရေးအတွက်ကိုလည်း အခွင့်အလမ်းများစွာပေးအပ်နိုင်စွမ်းရှိသည်ကို ပြောကြားလိုပါကြောင်း။

ယခုကျင်းပပြုလုပ်သည့် Eastern Economic Forum-2022 ကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှု အစီ

အစည်းများသည်လည်း ယူရေးရှားဒေသတွင်း မိတ်ဖက်နိုင်ငံများအကြား ဆက်ဆံရေးအား ပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြားတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်နိုင်ငံများ ပြုလုပ်ခြင်းဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းယန္တရားများရှိလာမည်ဖြစ်ကာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရှေ့ပိုင်းဒေသအား အနောက်နိုင်ငံများ၏ လွှမ်းမိုးမှုကိုလည်း တွန်းလှန်နိုင်မည်ဖြစ်ပါကြောင်း၊ အာရှဒေသတွင်းနိုင်ငံများအကြား ကောင်းမွန်ခိုင်မာသော ဆက်ဆံရေးအား တည်ထောင်နိုင်ခြင်းဖြင့် မြောက်ပိုင်းမှ တောင်ပိုင်းသို့ဆက်သွယ်သော နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခု (International North South Transport Corridor–INSTC)ကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သည့်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ ထွန်းကားလာမည်ဖြစ်ပြီး အာရှ–ပစိဖိတ်ဒေသ၏ပထဝီနိုင်ငံရေးအရ တည်ငြိမ်မှုရှိရေးကိုလည်း ပို၍ခိုင်မာအားကောင်းလာစေမည်ဖြစ်ပါကြောင်း၊ အာရှဒေသတွင်းအင်အားတောင့်တင်းခိုင်မာသည့် တရုတ်၊ အိန္ဒိယနိုင်ငံ တို့နှင့် အာဆီယံ၊ BIMSTEC အဖွဲ့တို့အနေဖြင့် ရုရှားနိုင်ငံနှင့် ခိုင်မာသောဆက်ဆံရေးအားထူထောင်ခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအား ပံ့ပိုးပေးရာရောက်မည်ဟု ယုံကြည်ပါကြောင်း။

မျက်မှောက်ကာလတွင် အာရှ–ပစိဖိတ်ဒေသသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် သင့်တော်သောဒေသတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံအဖွဲ့သည်လည်း အာရှ–ပစိဖိတ်ဒေသတွင်း၌ အချက်အချာကျစွာ တည်ရှိနေသည့်အားလျော်စွာ ဒေသတွင်း သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများကိုလည်း ဦးဆောင်နိုင်သည့် အနေအထားတွင် ရှိနေပါကြောင်း၊ ထို့အပြင် အာဆီယံသည် မျက်မှောက်ကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုအကြားတွင်ရှိနေပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အဓိကအခန်းကဏ္ဍ၌ ရှိနေသည့်အပြင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများသည်လည်း အရှေ့တောင်အာရှဒေသမှတစ်ဆင့် ဖြတ်သန်းဆောင်ရွက်ရလျက်ရှိသဖြင့် အာဆီယံ၏ဗဟိုချက်မကျမှု (ASEAN Centrality)ကို အထင်အရှားမြင်တွေ့နိုင်ပါကြောင်း။

မိမိသတိပြုမိသည့်အချက်အနေဖြင့် အာဆီယံဒေသမှ ရုရှားနိုင်ငံအလယ်ပိုင်းသို့ အနီးဆုံးကုန်းလမ်းကြောင်း ၁ ခုနှင့် အာဆီယံဒေသမှ တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသနှင့် အလယ်အာရှဒေသတို့ကို ဖြတ်သန်းပြီး ရုရှားနိုင်ငံသို့ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု မဖြစ်မနေလိုအပ်ပါကြောင်း၊ တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် Belt and Road Initiative(BRI)နှင့် ပေါင်းစပ်ဆောင်ရွက် နိုင်ပါကြောင်း၊ အာဆီယံအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော မိမိတို့ မြန်မာနိုင်ငံသည် ပထဝီဝင်မြေအနေအထားအရ အရှေ့တောင်အာရှ၊ တောင်အာရှဒေသတွင်း နိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အနောက်ဥရောပနိုင်ငံများနှင့် အာရှအရှေ့ပိုင်းဒေသများသို့ ကူးလူးဆက်သွယ်ရာတွင်လည်းကောင်း အဓိကကျသောနေရာတွင် တည်ရှိနေပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် ဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက ထုတ်ကုန်များကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချရာတွင် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အကျိုးအမြတ်များစွာ ရရှိစေမည်ဖြစ်သည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security) အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး ဖိတ်ကြားပါကြောင်းဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှုနှင့် ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတမစ္စတာဗလာဒီမာပူတင်ကလည်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Nikol

Pashinyan၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် Mr. Luvsannamsrain Oyun-Erdene၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu တို့က သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးပြောကြားခဲ့ကြပြီး အရှေ့ဖျားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ အခမ်းအနားမှူးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က အကြောင်းအရာ အများသဘောထားအမြင်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Narendra Modi၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် H.E. Ismail Sabri Yaakob နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh တို့ကလည်း Video Message များပေးပို့၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လက်ရှိကမ္ဘာတွင်ဖြစ်ပေါ်နေသည့် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရပ်တည်ချက်များနှင့်ပတ်သက်၍ အခမ်းအနားမှူး၏ သိရှိလိုသည့် မေးမြန်းမှုများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက အကြောင်းအရာတစ်ခုခြင်းစီအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။


ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယား နိုင်ငံဝန်ကြီးချုပ် Mr. Luvsannamsrain Oyun-Erdene၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ Mr. Li Zhanshu တို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်သည် ရုရှားအရှေ့ဖျား၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာရှ-ပစိဖိတ်ဒေသနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်ပြီး အရှေ့ဖျားစီးပွားရေးဖိုရမ်အား ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၇) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ရုရှားအရှေ့ဖျားဒေသသည် ယူရေးရှားနိုင်ငံများ၏ အရှေ့အစွန်ဆုံးဒေသဖြစ်ပြီး အာရှနိုင်ငံများ၊ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ချိတ်ဆက်ရာ၌ ဗဟိုချက်အဖြစ်အသုံးချ၍ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှသည် ကမ္ဘာ့စီးပွားရေး ပေါင်းစည်းနိုင်မှုအထိ ဦးတည်ဆောင်ရွက်သွားရန် ရည်ရွယ်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အစပြုဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့စီးပွားရေးမဟာဗျူဟာတစ်ခုလည်းဖြစ်ကြောင်း၊ ဖိုရမ်ကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကျင်းပခြင်းဖြစ်သည့်အားလျော်စွာ နိုင်ငံအသီးသီးမှ ပါဝင်တက်ရောက်သူများ ရောဂါအန္တရာယ်ကင်းရှင်းစေရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လာရောက်ရာတွင်လည်းကောင်း၊ ဖိုရမ်ကျင်းပရာနေရာနှင့် အရေးကြီးဆွေးနွေးပွဲများသို့ တက်ရောက်ရာတွင်လည်းကောင်း ကျန်းမာရေးဆေးစစ်မှုများဆောင်ရွက်ခဲ့ရပြီး ဖိုရမ်ကျင်းပနေစဉ်အတွင်း WHO မှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံပေါင်း ၉၀ ကျော်မှ ကိုယ်စားလှယ်များ၊ သံအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် မီဒီယာများတက်ရောက်ခဲ့ကြသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) တက္ကသိုလ်ပါမောက္ခချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား

( ၈ - ၉ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့၊ Far Eastern Federal University(FEFU) တက္ကသိုလ်ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets နှင့် စက်တင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီး ချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး (FEFU) တက္ကသိုလ်ပါမောက္ခချုပ်နှင့်အတူ ဒုတိယပါမောက္ခချုပ် Mr. Evgeny E. VLASOV တက္ကသိုလ်ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Far Eastern Federal University(FEFU) တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာမှ ပညာတော်သင်ကျောင်းသားများ လာရောက်တက်ရောက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်သင်ကြားနိုင်ရေးကိုလည်း ဝမ်းမြောက်စွာကြိုဆိုသည့်အခြေအနေများ၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum–2022)၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကျင်းပစဉ် “စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ”

ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဆွေးနွေးပြောကြားခဲ့မှုအပေါ် FEFU တက္ကသိုလ်ပါမောက္ခချုပ်အနေဖြင့် သုံးသပ်ထင်မြင်မှုများနှင့် စားနပ်ရိက္ခာလုံခြုံရေးကဏ္ဍ၏အရေးပါမှုကို သတိပြုမိခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ ရုရှားနိုင်ငံ၏ အနောက်ဘက်ပိုင်းရှိ တက္ကသိုလ်အများအပြားတွင် အဆင့်မြင့်ပညာများကို သင်ယူလျက်ရှိသည့်အခြေအနေများနှင့် FEFU တက္ကသိုလ်တွင် ဆေးဘက်ဆိုင်ရာဘွဲ့လွန်ပညာရပ်များ စေလွှတ်သင်ကြားသွားမည်ဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးကူးလူးဆက်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် ပညာရေးကဏ္ဍ တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အစဉ်အဆက်တိုးမြင့်လာနိုင်မည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်တက်ရောက်မည်ဆိုပါက တက္ကသိုလ်မှ စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ (FEFU) တက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(YUFL)တို့အကြား သဘောတူညီမှုတစ်ရပ်ကို မကြာမီလက်မှတ်ရေးထိုးနိုင်မည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။


တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် (FEFU)တက္ကသိုလ်ပါမောက္ခချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါ Far Eastern Federal University(FEFU) တက္ကသိုလ်ကို ၁၈၉၉ ခုနှစ် တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၂၃ နှစ် သက်တမ်းကြာမြင့်ပြီဖြစ်သည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်ကြောင်း၊ တက္ကသိုလ်တွင် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာပညာရပ်များ၊ စီးပွားရေးဆိုင်ရာပညာရပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ၊ ပညာရေးဆိုင်ရာပညာရပ်များ၊ အင်ဂျင်နီယာဆိုင်ရာပညာရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပညာရပ်များ၊ ဥပဒေဆိုင်ရာပညာရပ်များ၊ ဆေးပညာရပ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်များကို ပို့ချပေးလျက်ရှိကြောင်း၊ အဆိုပါ တက္ကသိုလ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးနှင့် သိပ္ပံဝန်ထမ်းဌာန၏ လက်အောက်တွင်ရှိကာ ကျောင်းသားပေါင်း ၄၁၀၀၀ ခန့်ရှိကြောင်း သိရှိရပြီး နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူများလည်း တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ပညာတော်သင် သင်တန်းသားများ စေလွှတ်နိုင်မည့်အခြေအနေများအပါအဝင် တက္ကသိုလ်အချင်းချင်း ဘာသာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးမြှင့်တင်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲနှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့အား သီးခြားစီတွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား

( ၈ - ၉ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့အား စက်တင်ဘာလ ၈ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့၊ FEFU Campus အတွင်း၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံခဲ့ပြီး အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး Primorsky ဒေသ အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Primorsky ဒေသနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး၊ ပို့ကုန်၊ သွင်းကုန်ကဏ္ဍမြှင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အခြေအနေများ၊ Primorsky ဒေသ၊ ဗလာဒီဗော့စတော့ခ်မြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးနှင့် Business Centre ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် Primorsky ဒေသအစိုးရအဖွဲ့မှလည်း ဝမ်းမြောက်စွာကြိုဆိုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွား

မည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှပညာတော်သင်ကျောင်းသား၊ ကျောင်းသူများ ပညာရပ်ပေါင်းစုံတွင် လာရောက်သင်ကြားနိုင်ရေးနှင့် ရောက်ရှိလာမည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဒေသအစိုးရအဖွဲ့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ Primorsky ဒေသတွင်ဆောင်ရွက်လျက်ရှိသည့် Children Camp ကဲ့သို့လူငယ်များအချင်းချင်း ပညာရပ်များ၊ အသိအမြင်များ၊ အတွေ့အကြုံများကိုဖလှယ်သည့် အစီအစဉ်များ၌ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ ပါဝင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် Primorsky ဒေသသို့ လာရောက်လေ့လာစေလိုသည့် အခြေအနေများနှင့် တိုက်ရိုက်ကုန်သွယ်မှု၊ ငွေကြေးစီးဆင်းနိုင်မှုတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum–2022)၌ ပြခန်းပါဝင်ပြသလျက်ရှိသည့် Republic of Buryatia ပြည်နယ်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များက ဒေသရိုးရာ အကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Republic of Buryatia ပြည်နယ်ပြခန်းအတွင်း ပြသထားသည့် ရိုးရာအထည်အလိပ်၊ စက်မှု၊ လက်မှုအနုပညာပြကွက်၊ သစ်နှင့် သစ်တောထွက် ပစ္စည်းအနုပညာပြကွက်၊ ရဟတ်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ ပြကွက်၊ ပန်းချီပြကွက်၊ ခေတ်မီစက်မှုနည်းပညာများဖြင့် ပေါင်းစပ်ထားသည့် ကျန်းမာရေးဝန်ဆောင်မှု ဆိုင်ရာပြကွက်၊ ရိုးရာကျန်းမာရေးဆိုင်ရာပြကွက်၊ သဘာဝသယံဇာတတူးဖော်မှုဆိုင်ရာပြကွက်တို့ကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် အသေးစိတ်လေ့လာခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် ပြကွက်အလိုက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များသည် ပြခန်းဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုကဲ့သို့ Buryatia ဒေသ၏ ပြခန်းများကို လိုက်လံပြသ ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပြီး ၎င်းတို့ဒေသ၏ ရိုးရာယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိနိုင်မည်ဖြစ်သည့် အခြေအနေများ၊ Buryatia ဒေသမှ သဘာဝသယံဇာတများ ပေါကြွယ်ဝစွာ ထွက်ရှိမည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Buryatia ဒေသလာရောက်လေ့လာချိန်တွင်လည်း ဒေသ၏တိုးတက်မှုများကို လိုက်လံရှင်းလင်းပြသသွားမည်ဖြစ်သည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသထွက်ကုန်နှင့် ထုတ်ကုန်များကို အရည်အသွေးမြှင့်ပို့ကုန်ပစ္စည်းများအဖြစ် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်တို့အကြား စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ Buryatia ပြည်နယ်သို့ ရောက်ရှိလေ့လာချိန်တွင် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

■ ■ ■

# Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား

( ၉ - ၉ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Amur ပြည်နယ်၊ Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ထွက်ခွာရာ ဗလာဒီဗော့စတော့ခ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Stegniy Daria နှင့်တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Blagoveshchensk မြို့၊ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ Amur ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Vasilii Orlov နှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းမှတစ်ဆင့် Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။

ယင်းနောက် Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ရောက်ရှိခဲ့ရာတွင် ရုရှားနိုင်ငံပိုင်အာကာသကော်ပိုရေးရှင်း State Space Corporation “Roscosmos” ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov၊ “Roscosmos” အာကာသအေဂျင်စီ၏ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ပညာရှင် Mr. Nikita Perminov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Angara ဒုံးပျံပစ်လွှတ်စင် တည်ဆောက်မှု လုပ်ငန်းခွင်နေရာနှင့် Soyuz-2 ဒုံးပျံပစ်လွှတ်စင်နေရာတို့သို့ ရောက်ရှိကြပြီး နည်းပညာရပ်ပိုင်းဆိုင်ရာဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။ ဆက်လက်ပြီး Technical Complex အတွင်းရှိ Rocket တပ်ဆင်ရေးအလုပ်ရုံနှင့် ဂြိုလ်တုထုတ်လုပ်ရေးအလုပ်ရုံအတွင်း လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိတ်ပါဝင်စားစွာဖြင့် အလုပ်ရုံတစ်ခုချင်းစီအလိုက် သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး Rocket တပ်ဆင်ရေးအလုပ်ရုံအတွင်းရှိ Soyuz–2 ဒုံးပျံရှေ့တွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

**စတင်တည်ထောင်ခဲ့**

အဆိုပါ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ပထမဆုံး အာကာသယာဉ်ကို စတင်လွှတ်တင်နိုင်ခဲ့ပြီး စတင်တည် ထောင်ချိန်မှယနေ့အထိ အာကာသယာဉ် ၁၁ စင်းကို လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Engineering–technical building(GP–5) သို့ရောက်ရှိကြပြီး ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation “Roscosmos” ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ၊ အကြံပြုချက်များ၊ နည်းပညာဆိုင်ရာများနှင့် လူသားအရင်းအမြစ် မွေးထုတ်ရေးဆိုင်ရာတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံနည်းပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ဆက်လက်ထွက်ခွာ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Amur ပြည်နယ်၊ Blagoveshchensk မြို့၊ Ignatyevo အပြည်ပြည် ဆိုင်ရာလေဆိပ်မှတစ်ဆင့် Buryatia ပြည်နယ်၊ Ulan–Ude မြို့၊ Baikal လေဆိပ်သို့ ဆက်လက်ထွက်ခွာကြရာ Amur ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Vasilii Orlov နှင့် အဖွဲ့ ဝင်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

■ ■ ■

# Republic of Buryatia ပြည်နယ်၊ Ulan-Ude မြို့သို့ရောက်ရှိ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား

( ၄ - ၉ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Amur ပြည်နယ်၊ Blagoveshchensk မြို့၊ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Republic of Buryatia ပြည်နယ်၊ Ulan-Ude မြို့၊ Baikal လေဆိပ်သို့ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov က ၎င်းတို့ပြည်နယ်မှ နောက်ဆုံးအဆင့်မြင့်တင် ထုတ်လုပ်ထားသည့်ရဟတ်ယာဉ်ကို လေဆိပ်၌ လိုက်လံပြသခဲ့ပြီး အတွင်းပိုင်း၊ အပြင်ပိုင်း ပြင်ဆင်ထားရှိမှုနှင့် စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြရာ မဟာယနဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်များက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းတော်အတွင်း ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ၁၂ ပါးမြောက် လားမားဘုန်းတော်ကြီး၏ ရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာဆောင်ရွက်ချက်များ ရှင်းလင်း

ပြောကြားမှုအပေါ် နာယူကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မဟာယနဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်ကြီးများက ကျောင်းဧည့်ခန်းမတွင် လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာဆောင်ရွက်မှုများ၊ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ မြန်မာနိုင်ငံသို့ သာသနာပြုရောက်ရှိခဲ့စဉ် ရှေးဟောင်းဘုရားစေတီပုထိုးများအား ရှေးမူလက်ရာမပျက်ထိန်းသိမ်းထားရှိမှုနှင့် နေရာဒေသတိုင်းတွင် ဗုဒ္ဓသာသနာတော်ယဉ်ကျေးမှုများကို တွေ့မြင်ခဲ့ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိသည့် အခြေအနေများ၊ မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၌ မြန်မာနိုင်ငံမှ ရွှေစည်းခုံပုံတူစေတီတော်ကြီး လာရောက်တည်ထားကိုးကွယ်မှုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပထမဆုံးလာရောက်တည်ထားကိုးကွယ်သည့် ဗုဒ္ဓသာသနာစေတီ ပုထိုးဖြစ်ပြီး ဗုဒ္ဓသာသနာတော်ထွန်းကားရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသည့် အခြေအနေများနှင့်ပတ်သက်၍ မိန့်ကြားတော်မူသည်။

**လျှောက်ထား**

ဆရာတော်ကြီး၏မိန့်ကြားမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို အများစုကိုးကွယ်ကြပြီး အခြားသော ကိုးကွယ်ရာဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုပေးထားသည့်အခြေအနေများ၊ သာသနာတော်ဆိုင်ရာအဆောက်အဦများကို အထွတ်အမြတ်ထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠိတော်များကို ကျောက်စာချပ်များပေါ်တွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်၍ ကျောက်စာရုံစေတီတော်များ တည်ထားပူဇော်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ လျှောက်ထားတော်မူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာယနဗုဒ္ဓဘာသာခေါင်းဆောင်ဆရာတော်ကြီးအား ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၏ ဗုဒ္ဓ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် စုပေါင်းအလှူတော်ငွေများကိုဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးလက်ခံရယူပြီး ဓမ္မလက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

■ ■ ■

# Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား

( ၁၀ - ၉ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၉ ရက် ညနေပိုင်းတွင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် ခေတ္တတည်းခိုလျက်ရှိသည့် Ulan-Ude မြို့၊ Mergen Bator ဟိုတယ် Tengeri ညီလာခံခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အဏုမြူနည်းပညာအသုံးပြု၍ ရောဂါရှာဖွေစမ်းသပ်နိုင်မှုနှင့် ရှာဖွေတွေ့ရှိလာသည့်ရောဂါများကို ခေတ်မီနည်းပညာများ အသုံးပြု၍ ကုသမှုများဆောင်ရွက်ပေးနိုင်သည့်အခြေအနေများအပါအဝင် ကျန်းမာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆေးပညာရှင်အချင်းချင်း၊ ဆေးရုံများအချင်းချင်း အပြန်အလှန် ဖလှယ်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများ တူးဖော်မှုဆိုင်ရာနည်းပညာရပ် များကို ရှာဖွေထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရထားသယ်ယူပို့ဆောင်ရေးဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံးခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံးခေါင်းတွဲများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်းနည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှုဆိုင်ရာနည်းပညာများ၊ မီးရထားနှင့် ဆက်စပ်သည့်လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်

သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့သည် ခင်မင်ရင်းနှီးစွာ အပြန်အလှန်နှုတ်ဆက်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံသည်။ ညစာသုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ်မှ နာမည်ကျော်အနုပညာရှင်များက ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြတီးမှုတ်ဖျော်ဖြေ ခဲ့ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ရိုးရာအကအလှအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

■ ■ ■

# Ulan-Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျု့ ဆိုက်ဘေးရီးယားဌာနခွဲ၊ နျူကလီးယား ဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့်ရထားစက်ခေါင်းပြင်ဆင်ရေး အလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား

( ၁၀ - ၉ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များလိုက်ပါ၍ စက်တင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် Ulan-Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ နျူကလီးယားဆေးဘက် ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်းပြင်ဆင် ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ဆိုဗီယက်ရင်ပြင်သို့ ရောက်ရှိလေ့လာ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ရှိဆိုဗီယက်ရင်ပြင်သို့ ရောက်ရှိလေ့လာကြရာ Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲကရှင်းလင်းပြောကြားခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ သမိုင်းဝင်အမျိုးသားခေါင်းဆောင် ကြီးလီနင်၏ ဦးခေါင်းပုံရုပ်တုရှေ့တွင် မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျု့ ဆိုက်ဘေးရီးယား ဌာနခွဲသို့ ရောက်ရှိကြရာ အကယ်ဒမီမှ Director ဖြစ်သူ Mr.Bazarov Bois Vandanovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အကယ်ဒမီအတွင်း လှည့်လည်၍ ရှေးဟောင်းဘာသာစာပေယဉ်ကျေးမှု အနုပညာများ၊ ပန်းချီများ၊ တိဘက်လက်ရေးမူဖြင့် ရေးသား ထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတော်လာ အဆုံးအမကျမ်းစာများ၊ ရှေးဟောင်း နက္ခတ္တဗေဒဆိုင်ရာ

ကျမ်းများ၊ တိဘက်၊ မွန်ဂိုဘာသာစကားများ၏ အဆင့်ဆင့် ပြောင်းလဲမှုကို မှတ်တမ်းတင်ထားသည့် စာပေများ၊ မြန်မာနိုင်ငံမှရရှိထားသည့် ထန်းပုရပိုဒ်အပါအဝင် အခြားသော ရှေးဟောင်းပုရပိုဒ်စာပေများကို စနစ်တကျထိန်းသိမ်းထားရှိမှုတို့အား လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိတ်ပါဝင်စားစွာဖြင့်လေ့လာခဲ့ပြီး သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာရောဂါကုသမှုဌာနသို့ ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီး Ms. Ludupova Evgenya နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ဆေးကုသခြင်း ဆောင်ရွက်နိုင်မှုအခြေအနေများ၊ စက်ကိရိယာများ၏အသုံးပြုနိုင်မှု စွမ်းဆောင်ရည်များကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားသိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**လိုက်လံရှင်းလင်းပြသ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ ရထားပြင်ဆင်ရေးအလုပ်ရုံသို့ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့မှ ပို့ဆောင်ရေးဝန်ကြီး Mr. Olovyannikov Aleksei က အလုပ်ရုံအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် မီးရထားခေါင်းတွဲ အမျိုးအစားအမျိုးမျိုးကို ထုတ်လုပ်ပြင်ဆင်နိုင်မှုနှင့် စက်ခေါင်းများ၏ စွမ်းဆောင်နိုင်မှုများ၊ အင်ဂျင်ပိုင်းဆိုင်ရာ တပ်ဆင်ရေးလုပ်ဆောင်နေမှုများ၊ ဆက်စပ်ပစ္စည်းများတပ်ဆင်ရေးဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းပြသမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး အလုပ်ရုံရှေ့တွင် အမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။

■ ■ ■

# Ulan-Ude မြို့မှ Irkutsk မြို့သို့ သီးသန့်အထူးရထား ခရီးစဉ်ဖြင့် ရောက်ရှိစဉ် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်စကား

( ၁၁ - ၉ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk မြို့သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် သွားရောက်သည်။

**ရှင်းလင်းပြသ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ရှိ Trans-Siberian မီးရထားလမ်းနှင့် Trans-Mongolian မီးရထားလမ်းတစ်လျှောက် အဓိကကျပြီးအရေးပါသည့် ဘူတာရုံတစ်ခုဖြစ်သည့် Ulan-Ude ဘူတာရုံသို့ ရောက်ရှိကြရာ RZD "Russian Railways" မီးရထားလုပ်ငန်း၏ SRZD International Railways မှ General Director Mr.Sergey Stolyarov နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကာ ဘူတာရုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် RZD "Russian Railways" ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံးခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံးခေါင်းတွဲများ၊ ကိုယ်ထည်တွဲများထုတ်လုပ်ခြင်း နည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှုဆိုင်ရာနည်းပညာများ၊ မီးရထားနှင့်ဆက်စပ်သည့် လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရုရှားနိုင်ငံ၏ ရထားလမ်းဆိုင်ရာများနှင့် ဥရောပနိုင်ငံများတွင်သွားရောက်၍ ရထားလမ်းဖောက်လုပ်ခြင်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားပို့ဆောင်ရေးဆိုင်ရာ နည်းပညာများပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လာရောက်သတင်းရယူကြသည့် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ Buryatia ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး တွေ့မြင်ရသည့် အခြေအနေများ၊ အကြံပြုလိုသည့်အခြေအနေများ၊ ပထဝီနိုင်ငံရေးအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအပေါ် သဘောထားအမြင်များနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

**လေ့လာကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan–Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk ပြည်နယ်သို့သီးသန့်အထူးရထား ခရီးစဉ်ဖြင့်လိုက်ပါခဲ့ပြီး လမ်းကြောင်းတစ်လျှောက်တွင် ရထားအတွင်းပိုင်းအပြင်အဆင်များနှင့် အခန်းများဖွဲ့စည်း ထားရှိမှုများ၊ မီးရထားလမ်းကြောင်းနည်းပညာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု များ၊ ကမ္ဘာ့အကြီးဆုံး သဘာဝရေချိုကန်ကြီးဖြစ်သည့် Baikal ရေကန်၏ ကမ်းစပ်တစ်လျှောက် အလှအပများ အပါအဝင် လမ်းကြောင်းတစ်လျှောက် အလှအပများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ RZD “Russian Railways” ကုမ္ပဏီသည် နိုင်ငံတော်ပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး မော်စကိုမြို့ Red Gates Squre ၌ ရုံးချုပ်တည်ရှိကြောင်း၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး မီးရထားဝန်ဆောင် မှုများကို စီမံခန့်ခွဲပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် Joint–stock ကုမ္ပဏီအမျိုးအစားဖြစ်ပြီး မီးရထားနှင့် သက်ဆိုင်သည့် စက်ရုံများလည်းရှိကြောင်းသိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် Irkutsk မြို့ Passazhirskiy ဘူတာရုံသို့ ရောက်ရှိကြရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Igor Iivanovich Kobzev နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့တက်ရောက်ကြပြီး Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ Irkutsk ပြည် နယ်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နယ်မြေဆိုင်ရာအကြီးအကဲ Ms. Kurbatova Lyudmila Anatolyevna နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ တစ်ခုဖြစ်သည့် အခြေအနေများနှင့် Irkutsk ပြည်နယ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အလယ်ဗဟိုချက်မဖြစ်ပြီး အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်သည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ကုန်ထုတ်လုပ်မှုအကြီးစား စက်ရုံ အများအပြားသည် Irkutsk ပြည်နယ်တွင်ရှိပြီး ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၀ ကျော် လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Irkutsk ပြည်နယ်တို့အကြား မဟာဗျူဟာမြောက် စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်မှုတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလား အလာကောင်းများရှိနေပြီဖြစ်သည့်အခြေအနေများ၊ ထို့ပြင် ကျန်းမာရေးဆိုင်ရာကဏ္ဍ၊ ကမ္ဘာလှည့်ခရီးလုပ်ငန်းဆိုင်ရာ ကဏ္ဍ၊ လူငယ်အချင်းချင်း ရင်းနှီးဆက်ဆံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် မြေပေါ်မြေအောက်သယံဇာတများနှင့် သဘာဝအလှတရားများ ပြည့်စုံစွာရှိသည့်အတွက် ကဏ္ဍ ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှု များကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကျန်းမာရေးကဏ္ဍတွင် ဝန်ကြီးဌာနအချင်းချင်း၊ ဆေးရုံနှင့် ဆေးတက္ကသိုလ်များအချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာဖလှယ် နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk ပြည်နယ်အစိုးရ အဖွဲ့အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်း များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူ များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

**ဂုဏ်ပြုပြန်းခွေချအလေးပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ် အစိုးရအဖွဲ့ရုံးအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်း အသက်

စွန့်ခဲ့ကြရသည့် ဆိုဗီယက်ပြည်ထောင်စုမှ စစ်သည်တော်များအား ဂုဏ်ပြုသောအားဖြင့် ထွန်းညှိထားသည့် မငြိမ်းသောမီး (Memorial Eternal Flame) နေရာသို့ ရောက်ရှိကြပြီး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသည့် စစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဦးစွာ ညစာစားပွဲမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲတို့က နှုတ်ခွန်းဆက်စကားများပြောကြားရာ၌ ယနေ့ စက်တင်ဘာ ၁၀ ရက်နေ့သည် Irkutsk ပြည်နယ်တည်ထောင်မှု ၈၅ နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး ပြည်နယ်အတွင်း အထိမ်းအမှတ် အခမ်းအနားများကို ကြီးကျယ်ခမ်းနားစွာဖြင့် ကျင်းပလျက်ရှိသည့် အခြေအနေများ၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် Irkutsk ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး ခိုင်မာသည့်ဆွေးနွေးမှုရလဒ်များကို ဆွေးနွေးချမှတ်နိုင်ခဲ့သည့် အခြေအနေများနှင့် ၈၅ နှစ်ပြည့် Irkutsk ပြည်နယ် တည်ထောင်မှုမှသည် နှောင်နှစ်ပေါင်းများစွာတိုင်သည်အထိ Irkutsk ဒေသမှ ဒေသခံများအားလုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြည်သူများအားလုံး ကိုယ်စိတ်နှလုံးချမ်းမြေ့ကြစေရန် မြန်မာနိုင်ငံအကြီးအကဲအနေဖြင့် ဆုမွန်ကောင်းတောင်းသည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာပြောကြားခဲ့ကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်အဖွဲ့က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲတို့သည် Irkutsk ပြည်နယ်တည်ထောင်မှု ၈၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်ဂုဏ်ပြုမှုကို ဒေသခံပြည်သူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် Irkutsk ပြည်နယ်အစိုးရ အဖွဲ့အကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကာ ဆုမွန်ကောင်းစကားများ ပြောကြားခဲ့သည်။

■ ■ ■

# Irkutsk Aviation Plant Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားသည့်စကား

( ၁၁ - ၉ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ Irkutsk မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Planti Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့ သွားရောက်လေ့လာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား Irkutsk Aviation Plant–Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Veprev Aleksey Alexandrovich နှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အလုပ်ရုံအတွင်း MC–21 300 ခရီးသည်တင် လေယာဉ်ကြီးများထုတ်လုပ်ရန်အတွက် အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် sector များခွဲကာ Robotic system များ၊ Automatic Machine များဖြင့် တပ်ဆင်နေမှုများ၊ ထိုမှတစ်ဆင့် လေယာဉ်ကိုယ်ထည်ပိုင်း၊ တောင်ပံပိုင်း၊ အင်ဂျင်ပိုင်းများကို အဆင့်ဆင့်တပ်ဆင်တွဲဆက်နေမှုများ၊ စက်ခေါင်းခန်းအတွင်း ထိန်းချုပ်မှု System များ၊ အတွင်းပိုင်း အပြင်အဆင်များကို အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုများ၊ လေယာဉ်ထုတ်လုပ်နေမှု အခြေအနေများနှင့် လေယာဉ်၏ စွမ်းဆောင်ရည်ပိုင်းနှင့် ကြံ့ခိုင်ရေးပိုင်းတို့ကို စမ်းသပ်စစ်ဆေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာ့တပ်မတော်အတွက် ထုတ်လုပ်လျက်ရှိသည့် Su–30 တိုက်ခိုက်ရေးလေယာဉ်များ ထုတ်လုပ်တပ်ဆင်နေမှု၊ ထုတ်လုပ်ပြီးလေယာဉ်များအား လေ့ကျင့်စမ်းသပ်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြား သည်။

အဆိုပါ Irkutsk လေယာဉ်ထုတ်လုပ်ရေးစက်ရုံ

Irkutsk Aviation Plant ကို ၁၉၃၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ Irkutsk Corporation ၏ လက်ခွဲတစ်ခုဖြစ်ပြီး Irkutsk လေယာဉ်ထုတ်လုပ်ရေးအသင်းသည် Transbaykal ဒေသ၏ ရှေးအကျဆုံး လေယာဉ်ထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ကာ စတင်တည်ထောင်ခဲ့သည့် ၁၉၃၂ ခုနှစ်မှစ၍ ယခုအထိ လေယာဉ်အစင်းပေါင်း ၇၀၀၀ ကျော်ကိုထုတ်လုပ်ခဲ့ကြောင်း သိရှိရသည်။

**လက်ဆောင် အပြန်အလှန်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk Aviation Plant–Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Irkutsk Regional Children’s Clinical Hospital သို့ ရောက်ရှိကြရာ ဆေးရုံအကြီးအကဲ Mr.KOZok Yuri Andreevich နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ဆေးရုံအတွင်း ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်မှုအခြေအနေများနှင့် ဆေးရုံကို ခုတင်–၄၀၀ ဆန့် အဆင့်မြှင့်တင်၍ နှစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ Video presentation များ၊ VR နည်းပညာအသုံးပြု၍ ဆေးရုံကြီးတည်ဆောက်ပြီးစီးပါက ဖြစ်ပေါ်လာမည့်အခြေအနေပုံရိပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားသိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံတည်ဆောက်မည့် အခြေအနေများ၊ ဆေးရုံအတွင်း၌ Robotic Technology အသုံးပြု၍ ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်သည့် စက်ကိရိယာများ၏ စွမ်းဆောင်ရည်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး စမ်းသပ်ခွဲစိတ်ကုသမှုတစ်ခုကို သရုပ်ပြခွဲစိတ်ပြသသည်။ ယင်းနောက် ခွဲစိတ်ကုသမှု အောင်မြင်စွာပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် မှတ်တမ်းဓာတ်ပုံရိုက်ကြကာ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ် (၁၄)အခြေခံပညာအလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow သို့ရောက်ရှိကြရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ ပညာရေးဝန်ကြီး Maxim Alexandrovich Parfenov၊ ကျောင်းအုပ်ကြီး Ms. Lyudmila Leonidovna Tuchkova နှင့် ကျောင်းတာဝန်ခံများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း မူလတန်းကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ကြားပေးနေမှုစနစ်များ၊ အဆင့်မြင့်သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု နည်းပညာသုံး၍ ကလေးငယ်များကို စိတ်ပါဝင်စားစေပြီး လွယ်ကူရှင်းလင်းစွာဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာများကို နားလည်တတ်ကျွမ်းမှုရှိအောင် သင်ကြားပေးနေသည့်အခြေအနေများ၊ စာကြည့်တိုက်များ၊ ကလေးအားကစားကွင်းများကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာခဲ့ကြရာ ကျောင်းအုပ်ကြီးက ရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရည်အဆင့်မြှင့်တင်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ၊ ကျောင်းအုပ်ကြီး၊ အဖွဲ့ဝင်များနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့သည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြားသည့်စကား

( ၁၂ - ၉ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား စက်တင်ဘာ ၆ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) ၌ တွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများအား လက်ခံဖြေကြားခဲ့သည်။ အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ရပါသည်–

**မေး** အခုလိုမျိုး ဒီနေ့အင်တာဗျူးဖြေကြားဖို့အတွက် အချိန်ခွဲဝေပေးတဲ့အတွက်လည်း CRCS သတင်းဌာနမှ ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ အဆွေတော်အနေနဲ့ ရုရှားနိုင်ငံကို ယခုနှစ်အတွင်းမှာ ဒါဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပြီးတော့ ပြီးခဲ့တဲ့တစ်ကြိမ် မိမိတို့သတင်းဌာနနဲ့ တွေ့ဆုံမှုဟာဆိုလို့ရှိရင် ပြီးခဲ့တဲ့နှစ် ဒီ Moscow International Security Forum မှာ ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာလည်း မိမိတို့အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ဖူးပါတယ်။ အဆွေတော်အနေဖြင့် ပြီးခဲ့တဲ့အကြိမ် ပါဝင်တက်ရောက်ခဲ့တဲ့ Moscow International Security Conference နဲ့ အဆွေတော်ဆွေးနွေးရာမှာ အာရှ – ပစိဖိတ်ဒေသရဲ့ လုံခြုံရေးဆိုင်ရာဘေးအန္တရာယ်သည် သိသိသာသာတိုးမြှင့်လာခဲ့သည်လို့ ဆိုခဲ့ပါတယ်။ ယနေ့အချိန်လည်း ထိုင်ဝမ်တစ်ဝိုက်ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကြောင့် ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း လုံခြုံရေးသဘောတရား

အခင်းအကျင်းသစ်များကို တွေ့မြင်လာကြရပါတယ်။ ဒေသတွင်း ဆက်တိုက်ဖြစ်ပေါ်လာသော ပဋိပက္ခ ပြဿနာတွေမှတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခအဆင့် အထိ တိုးမြှင့်သွားနိုင်သည် ရှိ/မရှိနှင့်ပတ်သက်ပြီး အဆွေတော်အနေနှင့် အနည်းငယ်ဆွေးနွေးပြောကြား ပေးစေလိုပါတယ်။ ပထမမေးတဲ့ မေးခွန်းလေးပါပဲ ဒီဒေသတွင်းမှာ လက်နက်ကိုင်ပဋိပက္ခအဆင့်အထိ တိုးမြှင့်သွားနိုင်သည် ရှိ/မရှိကို ပြောကြားပေးပါ။

**ဖြေ** ပြီးခဲ့တဲ့လ အမေရိကန်နဲ့ ထိုင်ဝမ်ဆက်ဆံရေးဖြစ်ပေါ် မှုအပေါ်မှာ ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် တရုတ် နိုင်ငံရဲ့ One China Policy ကို များစွာထိရောက်စေ ခဲ့တယ်ဆိုတာသွားတွေ့ပါတယ်။ One China Policy ဟာ တရုတ်နိုင်ငံရော အမေရိကန်နိုင်ငံရော လက်ခံ ထားတဲ့ မူဝါဒဖြစ်ပါတယ်။ တစ်ဖန်နောက်ဆက်တွဲ အမေရိကတာဝန်ရှိပုဂ္ဂိုလ်တွေ ထိုင်ဝမ်ကို ဆက်တိုက် သွားခြင်းဟာလည်း မီးလောင်ရာလေပင့်ဖြစ်စေခဲ့ တာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ဒါလည်း အထူးဂရုစိုက်ရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ အဲဒီတော့ မကျေနပ်ချက်ရှိတဲ့ တိုင်းပြည်၊ စိုးရိမ်ပူပန် ရတဲ့ တိုင်းပြည်ကတော့ သူတို့ရဲ့ မကျေနပ်ချက် စိုးရိမ် ပူပန်မှုတွေကိုလည်း ပြလာမှာပဲဖြစ်ပါတယ်။ အဲဒီ ပြသမှုကတော့ တည်ငြိမ်အေးချမ်းမှုနဲ့ တည်ငြိမ် အေးချမ်းမှုကိုတော့ အထောက်အကူပြုလိမ့်မယ် လို့တော့ ကျွန်တော်မထင်ဘူး။ ကျွန်တော်တို့ သတိပြု ရမှာပဲဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုပြဿနာဖြစ် ပြီးတဲ့ နောက်ပိုင်းမှာ အမေရိကန်နိုင်ငံက ထိုင်ဝမ်ကို စစ်လက်နက် ပစ္စည်းထောက်ပံ့ပေးတာတွေ၊ ရောင်းချ ပေးတာတွေ ကျွန်တော်တို့တွေ့ပါတယ်။ အမေရိကန် ရဲ့ အဓိကစီးပွားရေးလုပ်ငန်းထဲမှာ စစ်လက်နက် ပစ္စည်းထုတ်လုပ်ရောင်းချတဲ့ စီးပွားရေးလုပ်ငန်း တစ်ခုလည်းပါပါတယ်။ ပြီးခဲ့တဲ့ ယူကရိန်းဖြစ်စဉ် တွေကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း အလားတူ စွာပဲ ကျွန်တော်တို့ တွေ့ရတယ်။ ပြဿနာကိုပဲ နှယ် နှယ် ရရ ဖန်တီးတတ်တယ်။ ပြီးတော့မှ လက်နက် ခဲယမ်းမီးကျောက်တွေ ထောက်ပံ့တယ်။ အရန်ထား ရှိတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ ထောက်ပံ့ ပေးခြင်းအားဖြင့် တိုက်ပွဲရဲ့ စစ်ပွဲရဲ့ပုံသဏ္ဍာန်ကို ပြောင်းလဲအောင်ဖန်တီးလာတယ်။ သူတို့ရဲ့ သူတို့ နိုင်ငံရဲ့အဓိကစီးပွားရေးလုပ်ငန်းထဲမှာ လက်နက် ခဲယမ်းမီးကျောက်ထုတ်လုပ်တဲ့လုပ်ငန်းဟာလည်း ပါတယ်။ အဲဒီတော့ အရန်ထုတ်လိုက်ပြီဆိုကတည်း က ပစ္စည်းတွေထပ်ပြီး အသစ်ပြန်ထုတ်ရတယ်။ ဒါ စစ်ပွဲကို နားလည်တဲ့သူတိုင်း သဘောပေါက်ပါတယ်။ ဒါကတော့ပထမအချက်အနေနဲ့ တွေ့ရပါတယ်။ ဒုတိယအချက်ကတော့ ပဋိပက္ခတွေထပ်ပြီးဆိုးလာ နိုင်မလားဆိုတာတော့ လူတွေကတော့ တတ်နိုင် တာသလောက်တော့ နိုင်ငံတွေကတော့ ရှောင်ကြ လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ တကယ်လို့သာ ကိုဗစ်ကြောင့် ကျဆင်းနေတဲ့ စီးပွားရေးလုပ်ငန်း တွေကို တစ်ဖက်ကနေပြီး ပိုပြီးအောင်မြင်အောင် လုပ်မယ်ဆို ပိုကောင်းပါတယ်။ လက်နက်ခဲယမ်းများ ထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းကို မြှင့်တင်ဆောင် ရွက်မယ့်အစား ကိုဗစ်ကိုအထောက်အကူမပြုတဲ့ စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူပြုမယ် ဆိုရင် ပြည်သူတွေကတော့ ကမ္ဘာ့နိုင်ငံတွေကို ကျေးဇူး တင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**မေး** လက်ရှိ မြန်မာနိုင်ငံပြည်တွင်း နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုအခြေအနေလေးနဲ့ပတ်သက်ပြီး သိရှိလို တာဖြစ်ပါတယ်။ မကြာသေးမီကဖြစ်ပေါ်ခဲ့တဲ့ ဒီ မတည်ငြိမ်မှုတွေနဲ့ပတ်သက်ပြီးတော့ ထိန်းချုပ်နိုင် မှုအခြေအနေလေးကိုလည်း သိရှိလိုပါတယ်။

**ဖြေ** ကျွန်တော်တို့ ထိန်းချုပ်နိုင်တဲ့အခြေအနေတော့ရှိ ပြီဆိုပြီးတော့ အကြမ်းဖျင်းအားဖြင့် ပြောလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်ကတော့ အကြမ်းဖက်ဆူပူမှုတွေ ပြင်းထန်ခဲ့ရတာတော့ရှိပါတယ်။ အကြမ်းဖက်ဆူပူ မှုတွေ ပြင်းထန်ခဲ့သလို ဖျက်ဆီးမှုတွေ၊ သတ်ဖြတ်မှု တွေလည်း တော်တော်များများရှိခဲ့တာကိုလည်း ကျွန်တော်တို့ရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ ဧပြီလကစပြီးတော့ နောက်ပိုင်းမှာတော့ ဖြစ်ပွားမှု တွေက တော်တော်ကျဆင်းလာတာကို ကျွန်တော် တို့တွေ့ပါတယ်။ ထိန်းသိမ်းနိုင်တဲ့အခြေအနေရောက် ပြီလို့ ပြောရပါမယ်။ သို့သော်လည်း အားလုံးကင်းစင် သွားပြီလား ဒီလိုတော့မဟုတ်သေးပါဘူး။ တချို့ ပြည်နယ်နဲ့တိုင်းတချို့တွေမှာတော့ ကျန်နေပါသေး

တယ်။ ဒါလည်း ကျွန်တော် ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်း အောင်ဆောင်ရွက်နေတယ်ဆိုတာလေးကို ပြောချင်ပါတယ်။

**မေး** ပထမမေးခွန်းဖြေကြားတဲ့အထဲမှာ ဒီအနောက် နိုင်ငံတွေအနေနဲ့ တခြားနိုင်ငံ တွေရဲ့ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လက်နက်တွေထောက်ပံ့တယ်ဆိုတဲ့အချက်လေးလည်းပါပါတယ်။ အခုမြန်မာနိုင်ငံ ပြည်တွင်းရေးအခြေအနေ မတည်မငြိမ်မှုတွေရဲ့နောက်ကွယ်မှာ ဒီလိုလက်နက်တွေထောက်ပံ့နေတာများ ရှိပါသလား။ ဒါတွေကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့တာရှိပါသလား။

**ဖြေ** – အများကြီးရှိပါတယ်ဗျ။ အဲဒါတွေကတော့ ပြီးခဲ့တဲ့နှစ်ကစပြီးတော့ ဒီဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကနေပြီးတော့ ထောက်ပံ့တဲ့လက်နက်ခဲယမ်းမီးကျောက်တွေကို များစွာပါဝင်ပတ်သက်နေတာကို ကျွန်တော်တို့တွေ့ပါတယ်။ အဲဒီတော့ အဓိကကတော့ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ကေအိုင်အေလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကနေပြီးတော့ ထောက်ပံ့ပေးခဲ့တာ တော်တော်အများကြီး ကျွန်တော်တွေ့ပါတယ်။ ဒုတိယကတော့ မြန်မာနိုင်ငံရဲ့အရှေ့တောင်ပိုင်း ကေအန်ယူ လက်နက်ကိုင်သောင်းကျန်းသူရဲ့နယ်မြေမှာ နယ်မြေကနေပြီးတော့ရယူခဲ့တာ ကျွန်တော်တို့တွေ့ပါတယ်။ ဒီဟာတွေကတော့ တော်တော်များများကတော့ ပြည်တွင်းပြည်ပကနေပြီးတော့ နည်းလမ်းပေါင်းစုံနဲ့ ထောက်ပံ့ကြတဲ့ငွေကြေးတွေကနေပြီးတော့မှ တရားမဝင်လက်နက်ကိုင် လက်နက်ရောင်းချတဲ့ အဖွဲ့အစည်းတွေကနေဝယ်ယူပြီးတော့မှ ထောက်ပံ့ပေးနေတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့ ဒီဩဂုတ်လကုန်ထိပေါ့လေ ပစ္စတို၊ မောင်းပြန်ရိုင်ဖယ် စသည်ဖြင့် ဒါတွေအကုန်လုံးပေါင်းလိုက်ရင် သုံးထောင်နီးပါးလောက် ဖမ်းဆီးရမိခဲ့တာရှိပါတယ်။ အလားတူပဲ ကျည်ဆန်ဆိုလို့ရှိရင် သုံးသိန်းကျော်လောက် ဖမ်းဆီးရမိခဲ့တာရှိတယ်။ ဒါတွေကတော့ တကယ်တမ်းတော့ အင်မတန်ကြောက်မက်ဖွယ်ရာကောင်းတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့လည်း သူတို့ပို့ဆောင်ရေးလမ်းကြောင်းတွေလည်း တတ်နိုင်သလောက် ရှာဖွေဖော်ထုတ်ပြီးတော့ ဖမ်းဆီးနေတာ ဖမ်းနေတာမျိုးလည်းလုပ်နေပါတယ်။ ကျွန်တော်ထင်ပါတယ် တစ်ချိန်မှာတော့ ဒါတွေအကုန်လုံး ပျောက်ကွယ်သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး** ဒီကိစ္စကို အပြီးသတ်ဖြေရှင်းဖို့အတွက် အချိန်တစ်ခုလိုတယ်ဆိုတဲ့အချိန်မှာ အချိန်အားဖြင့် ဘယ်လောက်လိုအပ်မယ်လို့ ခန့်မှန်းပါသလဲ။

**ဖြေ** အချိန်ကိုတော့ ခန့်မှန်းဖို့တော့ နည်းနည်းတော့ခက်တယ်။ ကျွန်တော်အခုဆိုလို့ရှိရင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းတွေပါ ကျွန်တော်တို့အစိုးရကနေ သတ်မှတ်ထားတဲ့ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းရှိပါတယ်။ EAOs လို့ကျွန်တော်တို့ခေါ်ကြပါတယ်။ ဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ဖိတ်ခေါ်ပြီးတော့လုပ်နေပါတယ်။ သူတို့နဲ့ကျွန်တော် အခုတွေ့ဆုံတာဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုတွေရနေပါပြီ။ အဲဒီကနေပြီးတော့ သူတို့ဘာကိုဖြစ်ချင်တာလဲ။ တိုင်းပြည်ဘာဖြစ်သင့်သလဲ။ ဒီလိုမျိုး ညှိနှိုင်းပြီးတော့ဖြစ်နိုင်တာဘာရှိမလဲဆိုတာကို ကျွန်တော်တို့ အဖြေရှာမှာဖြစ်ပါတယ်။ အဲဒီအဖြေရှာပြီးတဲ့အချိန်မှာတော့ခုနပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထဲကနေ နယ်မြေတွေကနေ လမ်းကြောင်းတွေကနေ ထောက်ပံ့ပေးနေတဲ့ဟာတွေဟာ ရပ်တန့်သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့မှာ ဆူပူအကြမ်းဖက်မှုမှာ အမျိုးအစားနှစ်ခုခွဲထုတ်လို့ရပါတယ်။ တစ်ခုကတော့ တိုင်းရင်းသားတွေရဲ့အခွင့်အရေးကိုတောင်းဆိုတဲ့ အရင်လက်နက်ကိုင်အဖွဲ့အစည်းတွေ ဒါတွေ ကျွန်တော်တို့ရှိပါတယ်။ ဒုတိယကတော့ ၂၀၁၁ ခုနှစ်ကတည်းက ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ခဲ့ပြီးတော့မှ ကျွန်တော်တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီစာချုပ် NCA ကိုလက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ ကျွန်တော်တို့ရှိတယ်။ အဲဒါ ၁၀ ဖွဲ့ရှိတယ်။ နောက်လက်မှတ်ရေးထိုးမထားရသေးတဲ့ အဖွဲ့က ခြောက်ဖွဲ့ကျန်ပါ

သေးတယ်။ ဒီအဖွဲ့တွေနဲ့ကျွန်တော်တို့က အခုဆွေးနွေးနေတာပါ။ နောက်တစ်ဖွဲ့က ဘာလဲဆိုလို့ရှိရင်တော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ပေါ်မှာ မူတည်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ဆူပူအကြမ်းဖက်တဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေကတော့ ရွေးကောက်ပွဲရလဒ်ပေါ်မှာဖြစ်လာတဲ့ အကြမ်းဖက်မှုလုပ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ဆွေးနွေးစရာအကြောင်းမရှိဘူး။ သူတို့ကတော့ ရွေးကောက်ပွဲရလဒ်ပေါ်မှာမူတည်ပြီး ဖြစ်လာတယ်။ ရွေးကောက်ပွဲဟာလည်း မဲမသမာမှုကြောင့်ဖြစ်လာတဲ့ဟာကို တရားဥပဒေနည်းလမ်းအရ ဖြေရှင်းဖို့အတွက် ကျွန်တော်တို့တောင်းဆိုတဲ့အချိန်မှာ တရားဥပဒေနည်းလမ်းအရမဖြေရှင်းဘဲနဲ့ ဒီဆူပူအကြမ်းဖက်မှုနဲ့ပြီးတော့ ဒီလမ်းကြောင်းပေါ်မှာသွားတဲ့ အဖွဲ့အစည်းတွေဆိုတော့ ဒါတွေဥပဒေအရ ကျွန်တော်တို့ သွားရမယ်။ အဲဒီတော့ခုနပြောခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ လက်မှတ်ရေးထိုးပြီးသားအဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ ဆွေးနွေးနေတာရှိတယ်။ ဒါပေမယ့် လက်မှတ်ရေးထိုးမထားတဲ့အဖွဲ့အစည်းနဲ့ ဆွေးနွေးဖို့ကျန်သေးတဲ့အဖွဲ့တွေရှိတယ်။ သူတို့ကိုကျွန်တော် ဖိတ်ခေါ်ထားတယ်။ အဲဒီလိုဖိတ်ခေါ်ချက်တွေဟာ သူတို့နိုင်ငံရေးမျှော်မှန်းချက်ပေါ်မှာ လာရောက်ဆွေးနွေးမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒါကတော့ အောင်မြင်မှုရမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်မှာ နိုင်ငံရေးရည်မှန်းချက်နှစ်ချက်ပေးထားပါတယ်။ တစ်ခုကတော့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ကျွန်တော့်နိုင်ငံကမလွဲမသွေလျှောက်လှမ်းရမယ်။ ဒုတိယကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်မယ်ဆိုတာ ကျွန်တော်တို့ပေးထားတယ်။ ဒါကလူတိုင်းလိုချင်တဲ့ သဘောအယူအဆတောင်းဆိုချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ညှိနှိုင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီအပေါ်မှာမူတည်ပြီးတော့ကျွန်တော်တို့က လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပပျောက်လိမ့်မယ်လို့ ပြောခြင်း ဖြစ်ပါတယ်။

မေး မြန်မာနိုင်ငံ စီးပွားရေးအခြေအနေနှင့်ပတ်သက်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါဒဏ်ခံရပြီးနောက်ပိုင်းမှာလည်း နိုင်ငံတော်တော်များများဟာ စီးပွားရေးအားနည်းနေတာရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေ အနေအတွင်းမှာ ရွေးကောက်ပွဲပြန်လည်ကျင်းပဖို့ ဖြစ်နိုင် မလား၊ သင့်တော်မလား။

ဖြေ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းခဲ့တာတော့ မှန်ပါတယ်၊ ကိုဗစ်-၁၉ ဖြစ်တာ ၂၀၂၀ ပြည့်နှစ် မတ်လမှာ မြန်မာနိုင်ငံမှာ စတွေ့တာပေါ့။ အဲ့မတိုင်ခင် စီးပွားရေးကျဆင်းနေတယ်ဆိုတဲ့ ကိန်းဂဏန်းတွေနဲ့ ဖော်ပြနေတော့၊ အဲဒီအရှိန်ကြောင့် ကိုဗစ်-၁၉ ဖြစ်တဲ့အချိန် ပိုဆိုးခဲ့တယ်။ ဒုတိယကတော့ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာတာကြောင့် စီးပွားရေးမလည်ပတ်နိုင်တဲ့အတွက် ကျဆင်းခဲ့တာတွေရှိပါတယ်။ သို့သော်လည်းပဲ အခု ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်တဲ့အခြေအနေကို ရောက်လာနိုင်တယ်။ ဆူပူအကြမ်းဖက်မှုတွေကိုလည်း တော်တော်ကိုထိန်းချုပ်နိုင်တဲ့အခြေအနေကို ရောက်လာပါပြီ။ ဒါကြောင့် စီးပွားရေးက တည်ငြိမ်စပြုလာနိုင်ပြီဟု ပြောနိုင်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ စီးပွားရေးပြန်လည်ဦးမော့လာအောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ အဲဒီတော့ နိုင်ငံရေးနဲ့ စီးပွားရေးဆက်စပ်နေပါတယ်။ စီးပွားရေးကျဆင်းမယ်ဆိုရင် နိုင်ငံရေးက နည်းနည်းမတည်မငြိမ်ဖြစ်တတ်တဲ့ သဘောသဘာဝရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က စီးပွားရေးကောင်းမွန်အောင်ပြန်လုပ်နေပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်မှာ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာ တတိယအကြိမ် ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ်လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၅ မြို့နယ်ပြုလုပ်နိုင်တယ်။ ဒုတိယအကြိမ်လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၃ မြို့နယ်ပြုလုပ်နိုင်တယ်။ တတိယအကြိမ်လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၁၅ မြို့နယ်သာ ရွေးကောက်ပွဲလုပ်နိုင်ခဲ့တယ်။ ဒီမိုကရေစီမှာ ရွေးကောက်ပွဲက သိပ်အရေးကြီးပါတယ်။ ရွေးကောက်ပွဲဖြစ်ပြီးမှသာ ရွေးကောက်ပွဲကတက်လာတဲ့အမတ်တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ

ဖွဲ့စည်းပြီး တခြားနိုင်ငံတော်အဆင့်က ဖွဲ့စည်းပြီး တာဝန်ပေးတာတို့၊ ရွေးချယ်တာတို့ လုပ်ပါတယ်။ ဆိုလိုတာကတော့ ပြည်သူတွေက ဒီအခွင့်အရေးကို အားလုံးရဖို့လိုတယ်။

မြို့နယ်တစ်ခုမှာ ရွေးကောက်ပွဲလုပ်တိုင်း လုပ်နိုင်တဲ့အရေအတွက်ကကျသွားတယ်ဆိုရင် အဲဒီနေရာမှာရှိတဲ့ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးတာကို ဖော်ပြတာဖြစ်တယ်။ တကယ်တော့ ရွေးကောက်ပွဲမှာ ပြည်သူတွေအားလုံး ဒီမိုကရေစီ အခွင့်အရေးကို ရပိုင်ခွင့်ရှိပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံး အကြားအလပ်မရှိရွေးကောက်ပွဲပြုလုပ်နိုင်ရေးဖြစ်ပါတယ်။ ဒါကြောင့် စောစောကခင်ဗျားမေးခဲ့တဲ့မေးခွန်းထဲက ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုပါတယ်။ ဒါတွေက ရွေးကောက်ပွဲနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ကျွန်တော် ငြိမ်းချမ်းရေးရအောင်လုပ်ပြီးတော့မှ အဲဒီနယ်မြေတွေမှာရှိတဲ့ ပြည်သူတွေ ရွေးကောက်ပွဲကို ဝင်နိုင်အောင် ကြိုးစားနေတာဖြစ်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံးတော့ ကျွန်တော်ကြိုးစားဆောင်ရွက်နေပါတယ်။ ရွေးကောက်ပွဲဖြစ်ရေး/မဖြစ်ရေးဆိုတာကတော့ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးအားကောင်းလာဖို့ နိုင်ငံရေးတည်ငြိမ်အေးချမ်းဖို့ ဒီအပေါ်မှာ အများကြီးတည်ပါတယ်။ တတ်နိုင်သလောက် ကျွန်တော်တို့ပြောထားတဲ့အတိုင်း ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်နေတယ်ဆိုတာ ပြောလိုပါတယ်။

ဒီမှာလည်းတစ်ချက်ရှိတာပေ့ါ၊ ရွေးကောက်ပွဲဆိုတာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ပဲ။ နောက်ပြီးတော့ အပြင်ကနေဖိအားတွေပေးပြီးတော့မှ မဲထည့်စေတဲ့ဖြစ်ရပ်မျိုး မဖြစ်ဖို့လိုပါတယ်။ ပြည်သူတွေ လွတ်လွတ်လပ်လပ်မဲပေးပိုင်ခွင့်ရှိဖို့ သိပ်အရေးကြီးပါတယ်၊ ဒါမှသာ သူတို့ရဲ့ခံစားချက်ကို သူတို့ဆန္ဒဖော်ထုတ်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါက ဒီဟာကိုရအောင် ကျွန်တော်တို့ကြိုးစားနေတာဖြစ်ပါတယ်။

**မေး** အခုလက်ရှိ ဖြစ်ပေါ်တိုးတက်နေတဲ့အခြေအနေနဲ့ သုံးသပ်ဆွေးနွေးသွားတဲ့အချက်တွေပေါ်မှာ စဉ်းစားသုံးသပ်ကြည့်တဲ့အခါမှာ လာမယ့်ကာလတိုကာလအတွင်းမှာ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိနိုင်ဟု သုံးသပ်မိပါတယ်။ အချိန်ကာလတစ်ခုအထိ ရွှေ့ဆိုင်းဖို့ရှိပါသလား။

**ဖြေ** ကျွန်တော်တို့ အခုချိန်မှာပြောဖို့ စောသေးတယ်။ နောက်ထပ်အချိန်လေးငါးလလောက်ကျန်သေးတယ်။ ဒီအပေါ်မှာ အခြေအနေကြည့်ပြီးတော့မှပဲ ဆုံးဖြတ်မှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ချက်ချင်းကောက်ပြီးတော့ ကြိုပြီးဆုံးဖြတ်လို့မရပါဘူး။ အခြေအနေကို ကျွန်တော်တို့ကြည့်ရမှာဖြစ်ပါတယ်။

**မေး** ဒီစီးပွားရေးနဲ့ပတ်သက်ပြီးတော့ လက်ရှိကမ္ဘာမှာ အားလုံးရင်ဆိုင်နေရတဲ့ လောင်စာဆီတင်သွင်းခြင်း ဖြေရှင်းနေရတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံက ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမယ်လို့ကြားသိထားရပါတယ်။ ကြားသိတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံက လောင်စာဆီဝယ်ယူတင်သွင်းမှုရှိနေပါပြီလား။ ဝယ်ယူတင်သွင်းတဲ့အချိန်မှာ ရုရှားနိုင်ငံက သတ်မှတ်ထားသလို ရူဘယ်လ်ငွေကြေးနဲ့ပဲပေးချေသွားနိုင်မှုရှိပါသလား။

**ဖြေ** ကျွန်တော်တို့ ရုရှားနိုင်ငံကနေ လောင်စာဆီဝယ်ဖို့အတွက် ဆောင်ရွက်နေတာခရီးတော်တော်ရောက်နေပါပြီ။ ရက်ပိုင်းအတွင်း မြန်မာနိုင်ငံကိုရောက်မှာဖြစ်ပါတယ်။ ဆက်ပြီးတော့ ဝယ်ယူသွားဖို့လည်းရှိပါတယ်။ ငွေပေးချေရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကတော့ ရုရှားနိုင်ငံက လက်ခံတဲ့ငွေကြေးနဲ့ပေးမှာဖြစ်ပါတယ်။ ရူဘယ်လ်နဲ့ပေးရမယ်ဆိုရင်လည်း ရူဘယ်လ်နဲ့ရအောင် ကျွန်တော်တို့ စီစဉ်ပြီးပေးမှာဖြစ်ပါတယ်။ ကျွန်တော်က ရူဘယ်လ်နဲ့ပေးချေဖို့ ပိုပြီးဆန္ဒရှိပါတယ်။ တခြားငွေကြေးနဲ့ဆို ကန့်သတ်ချက်ရှိနေပါတယ်။ ကျွန်တော်တို့ကတော့ ဒီနည်းလမ်းကိုရအောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး** ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ သံတမန်ဆက်ဆံရေးကလည်း နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဟာ အအောင်မြင်ဆုံးကဏ္ဍနှင့် အဓိကအခြေခံကဏ္ဍအဖြစ် ရပ်တည်ခဲ့ပါတယ်။ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍဟာဆိုရင်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ဒီနေရာမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့

ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေအရ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကနေမှ နောက်ဆုံးပေါ် ခေတ်မီ စစ်လက်နက်ပစ္စည်းတွေ၊ ကာကွယ်ရေးပစ္စည်းတွေ ထပ်မံဝယ်ယူသွားဖို့ရှိပါသလား။ သိချင်ပါတယ်။ ဒေသအတွင်းအခြေအနေနဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေး ချိန်ညှိမှုမှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနရဲ့ ကိုယ်စားလှယ်အဖွဲ့တွေ၊ အခြေစိုက်ဌာနချုပ်တွေကို မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ လက်ခံဆောင်ရွက်သွားဖို့ ရှိ/မရှိ သိလိုပါတယ်။

**ဖြေ** မြန်မာနိုင်ငံနဲ့ရုရှားနိုင်ငံရဲ့ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နေမှုနယ်ပယ်ကတော့ ဆယ်စုနှစ် နှစ်ခုကျော်လောက်ဖြစ်သွားပြီ။ တော်တော်လေးလည်း အရှိန်အဟုန်ရလာပါပြီ။ ရုရှားနိုင်ငံကထုတ်တဲ့ ကာကွယ်ရေးပစ္စည်းတွေက တကယ်အဆင့်အတန်းလည်းမြင့်ပါတယ်။ နိုင်ငံတော်ကာကွယ်ဖို့အတွက်လည်း အထောက်အကူရပါတယ်။ ကျွန်တော်လည်း နှစ်ခြိုက်ပါတယ်။ ဆက်လက်ပြီးတော့ တိုးချဲ့ဆောင်ရွက်သွားဖို့တွေရှိကြောင်း ပြောလိုပါတယ်။ နောက် မြန်မာနိုင်ငံမှာ နိုင်ငံခြားတပ်ဖွဲ့ဝင်တွေ တပ်စွဲနေရာချထားရေး ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာခွင့်ပြုထားတာ မရှိပါဘူး။ အခြေခံဥပဒေကို ကျွန်တော်တို့ကျော်လွန်ပြီး လုပ်လို့မရပါဘူး။ အခြေခံဥပဒေအရလည်း ဘောင်အတွင်းမှာပဲ အကောင်းဆုံး ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာကို နည်းလမ်းရှာရမှာဖြစ်ပါတယ်။ စခန်းချဖို့တော့ ကျွန်တော်တို့ မပေးထားပါဘူး။ ပူးပေါင်းဆောင်ရွက်မယ့် နယ်ပယ်တွေ၊ အခွင့်အလမ်းတွေ အလားအလာရှိပါတယ်ဆိုတာကို ကျွန်တော်တွေ့ပါတယ်။

**မေး** နောက်ဆုံး ပထဝီနိုင်ငံရေးအခြေအနေမှာ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံက အခုလိုရုရှားနိုင်ငံနဲ့ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နေတာကို မကျေမနပ်ဖြစ်နေတဲ့အခြေအနေလေးတွေ တွေ့ရှိရပါတယ်။ ဥပမာ–အမေရိကန်နိုင်ငံကထုတ်ဖော်ခဲ့တဲ့ ထုတ်ဖော်ချက်တစ်ရပ်မှာ အခုလို ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေတာဟာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေတယ်လို့ ထုတ်ပြန်ပြောကြားနေတာတွေရှိပါတယ်။ ဘာကြောင့်မို့ အမေရိကန်အစိုးရအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနဲ့ မြန်မာအစိုးရကြား ပူးပေါင်းဆောင်ရွက်မှုကို ဝင်ရောက်စိတ်ပူပန်နေရတယ်ဆိုတာကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။

**ဖြေ** အတိတ်ကို နည်းနည်းလောက်ပြန်ကြည့်ရင်တော့ တွေ့နိုင်တယ်။ အထူးသဖြင့် တခြားကမ္ဘာ့နိုင်ငံပေါ့ဗျာ။ အာဆီယံဒေသမှာ ဖြစ်ပွားခဲ့တဲ့အခြေအနေကို ကျွန်တော်သုံးသပ်ပြပါမယ်။ ပြီးခဲ့တဲ့ အတိတ်ကာလမှာ အာဆီယံနိုင်ငံ၊ အရှေ့တောင်အာရှဒေသနိုင်ငံတွေမှာလည်း အခုမှသာ တည်ငြိမ်အေးချမ်းမှု ရှိနေတာပါ။ အရင်ကတော့ တည်ငြိမ်အေးချမ်းမှုမရှိ၊ ပဋိပက္ခတွေဖြစ်နေတဲ့ ဒေသတွေရှိတယ်။ အဲ့ဒီတော့ပဋိပက္ခဖြစ်နေတဲ့အချိန်မှာ တည်ဆဲအစိုးရကိုဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို အမေရိကန်မှာခေါ်ပြီးတော့ အားပေးအားမြှောက်ပြုပြီး ထောက်ပံ့ပေးခဲ့တာတွေ သာဓကတွေအများကြီးရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာလည်း သက်ဆိုင်ရာနိုင်ငံတွေကို ဆန့်ကျင်တဲ့အဖွဲ့အစည်းတွေ လူပုဂ္ဂိုလ်တွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း အားပေးအားမြှောက်ပြုနေတာ အခုထိရှိတယ်။ ဒါပေမယ့် ဆိုဗီယက်ခေတ်ကိုပဲ ကြည့်ကြည့်၊ ရုရှားရဲ့ လက်ရှိခေတ်ကိုပဲကြည့်ကြည့်၊ ကာလကိုပဲ ကြည့်ကြည့် အရှေ့တောင်အာရှနိုင်ငံတွေရဲ့ နိုင်ငံရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်တဲ့ အဖွဲ့အစည်းတွေကို အားပေးအားမြှောက်ပြုနေတာကို ရုရှားနိုင်ငံက လက်ခံပြီးတော့ ဆောင်ရွက်တာမတွေ့ဘူး။ ဒါသိသာတဲ့အခြေအနေတစ်ရပ်ပဲဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါကွာခြားချက်တစ်ခုပါပဲ။ အာဆီယံက လက်ရှိအခြေအနေမှာ ကမ္ဘာမှာ စီးပွားရေးအားကောင်းတဲ့ နယ်မြေတစ်ခုဖြစ်တယ်။ အာဆီယံက သူ့ရပ်တည်ချက်နဲ့သူရှိတယ်။ အာဆီယံရဲ့ အားပါသွားမယ်ဆိုရင် ကမ္ဘာ့ရဲ့အခြေအနေနဲ့ အပြောင်းအလဲတစ်ရပ်ကို ဖြစ်သွားစေနိုင်တဲ့ အခြေအနေမျိုးတွေရှိပါတယ်။ ဒါကြောင့် အာဆီယံဟာ ရုရှားဘက်ကိုမပါဖို့အတွက်လည်း အမေရိကန်ကလိုလားပုံရပါတယ်။ အဲဒီတော့ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံကိုလည်း ဒီလိုပဲ ယူဆပါလိမ့်မယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံထဲမှာ

ကျွန်တော်တို့ပါပြီးတော့မှ အာဆီယံအဖွဲ့ရဲ့တိုက်တွန်းချက်နဲ့ မြန်မာနိုင်ငံရပ်တည်အောင်လည်း ဆောင်ရွက်နေတာဖြစ်တယ်။ အဲ့ဒီအာဆီယံနိုင်ငံရဲ့ တိုက်တွန်းချက်တွေကြောင့်လည်း အမေရိကန်က သူတို့ရဲ့ နီးစပ်တဲ့ အာဆီယံနိုင်ငံတွေကို တွန်းအားပေးဆောင်ရွက်နေတယ်ဆိုတာလည်း ကျွန်တော်တို့မြင်နေရပါတယ်။ အဲ့ဒီမှာကြည့်ရင်လည်း သူတို့ အမေရိကန်နိုင်ငံက အဓိကပြောဆိုနေတဲ့ ဒီမိုကရေစီရယ်၊ လူ့အခွင့်အရေးရယ် စီးပွားရေးမှာ သူတို့ကျောထောက်နောက်ခံတဲ့ ဒေါ်လာငွေကြေး ဒါတွေနဲ့ချုပ်ကိုင်ပြီးတော့မှ အပြောင်းအလဲဖြစ်အောင်ကြိုးစားနေတာ ကျွန်တော်တွေ့တယ်။

**မေး** အာဆီယံနိုင်ငံတွေနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး၊ နိုင်ငံရေးတည်ငြိမ်မှုအတွက် ဘယ်လိုအထောက်အကူပြုနိုင်သလဲဆိုတာလည်း သိရှိလိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ မကြာသေးမီအချိန်က အာဆီယံကကျင်းပတဲ့အခမ်းအနားတစ်ခုကို မြန်မာနိုင်ငံက ကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ကြားခြင်းမပြုတဲ့သတင်းကိုကြားလိုက်ရပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်ရေးကို ပိုမိုပြီးတော့ယုတ်လျော့စေတယ်လို့ သုံးသပ်မိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အာဆီယံနိုင်ငံတွေ စတင်ဖွဲ့စည်းခဲ့တဲ့အချိန်က ထားရှိခဲ့တဲ့ပဋိညာဉ်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ စည်းမျဉ်းစည်းကမ်းချက်တွေနဲ့ ကိုက်ညီမှုရှိပါသလား ဘယ်လိုမျိုးသုံးသပ်ပါသလဲ။

**ဖြေ** ကျွန်တော်တို့က ၁၉၉၇ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ဟာ အာဆီယံပဋိညာဉ်ကို ကျွန်တော်တို့အလေးထားလိုက်နာဆောင်ရွက်ပါတယ်။ အာဆီယံရဲ့ပဋိညာဉ် မှာ Asean ရဲ့ Way၊ Asean ရဲ့ Spirit, Asean practice ဒီလိုရှိတယ်။ ဒါတွေ ကျွန်တော်တို့ကလိုက်နာပါတယ်။ အာဆီယံပဋိညာဉ်မှာလည်း အတိအကျဖော်ပြထားတယ်။ မြန်မာနိုင်ငံကနေပြီးတော့ ဒီအပေါ်မှာကျော်လွန်လုပ်တာ တစ်ခုမှ ကျွန်တော်တို့မရှိဘူး။ တကယ်လို့သာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အာဆီယံပဋိညာဉ်ကိုသာလိုက်နာမယ်ဆိုရင် ဒီလိုပြဿနာတွေ ဖြစ်လာစရာအကြောင်းမရှိဘူး။ ကျွန်တော်တို့အစိုးရ အခုရှိနေတာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရရှိနေခြင်းဖြစ်တယ်။ ဒါဟာအသိအမှတ်ပြုရမယ်။ ဒါကျွန်တော်တို့ဟာ ပြည်သူကအသိအမှတ်ပြုထားတဲ့ အခြေခံဥပဒေအရအရေးယူဆောင်ရွက်ထားတာဖြစ်တယ်။ ဒီအပေါ်မှာမျက်ကွယ်ပြုပြီးတော့မှ သူတို့ရွေးကောက်တင်မြှောက်ပွဲဆိုင်ရာရလဒ်တွေအပေါ်မှာ ဖြစ်ပေါ်လာတဲ့သဘောထားကွဲလွဲနေမှုအပေါ်မှာ သူတို့ဒါကိုတုံ့ပြန်မှုတွေကတော့ သူတို့ရဲ့ အာဆီယံရဲ့ပဋိညာဉ်နဲ့ မကိုက်ဘူးလို့ပြောချင်ပါတယ်။

**မေး** အခုလက်ရှိ ပြည်တွင်းနိုင်ငံရေးအခြေအနေ ထိန်းသိမ်းမှုအပိုင်းမှာ ဒီလိုအာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကိုယ်စားလှယ်တွေနဲ့ ကြားဝင်ဖြေရှင်းပေးဖို့ လိုအပ်ချက်ရှိပါသလား၊ ဒါမှမဟုတ် ကြားဝင်ဖြေရှင်းမှုမှာ ပိုပြီးတော့ အနှောင့်အယှက်ဖြစ်နိုင်ပါသလား။

**ဖြေ** ကြားဝင်ဖြေရှင်းပေးမှုဆိုတာ ဒါကျွန်တော်တို့ရဲ့ ပြည်တွင်းရေးတစ်ခုပဲ။ အာဆီယံကသူများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့တော့မရှိဘူး။ သို့သော်လည်းပဲ သူတို့လိုချင်ရာကောက်ချက်ဆွဲပြီးတော့မှ ကျွန်တော်တို့ကို ပြီးခဲ့တဲ့နှစ်က အာဆီယံထိပ်သီးအစည်းအဝေးမှာ ဘုံသဘောတူညီချက် (၅) ရပ်ကို ဆောင်ရွက်ခဲ့တာရှိပါတယ်။ တချို့ဟာတွေက ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ကိစ္စတွေ ဖြစ်နေတာ တွေ့ရတယ်။ သို့သော်လည်းပဲ တတ်နိုင်သလောက် ကျွန်တော်တို့လုပ်နိုင်တဲ့ နည်းလမ်းတွေအားလုံးကို ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်တာတွေရှိတယ်။ သင့်တော်တဲ့နည်းလမ်းတွေမှာ သူတို့ဝင်ရောက်ကူညီပေးမယ်ဆိုရင် ဘာမှလက်မခံနိုင်စရာအကြောင်းမရှိဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးတည်ဆဲဥပဒေကိုကျော်လွန်ပြီးတော့မှ ဆောင်ရွက်ပေးတဲ့ကိစ္စမျိုးဆိုရင်တော့ ဘယ်လိုလုပ်ခွင့်ပြုမလဲ။ ဘယ်နိုင်ငံမှလည်း ဒီလိုခွင့်ပြုမှာမဟုတ်ဘူး၊ ဒါကြောင့် ဆောင်ရွက်လို့ရတဲ့နယ်ပယ်ဆိုရင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပေးမယ်၊ ဆောင်ရွက်ခြင်းမပြုနိုင်တဲ့ နယ်ပယ်

ဆိုရင်လည်း ကျွန်တော်တို့ရအောင် ကျွန်တော်တို့ ဘာသာ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး** ဒီအနောက်နိုင်ငံအပါအဝင် အခြားသော အနောက် နိုင်ငံတွေရဲ့အထောက်အပံ့ကိုယူထားတဲ့ နိုင်ငံတွေရဲ့ မီဒီယာတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ယခင် အစိုးရရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်း စုကြည်ရဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အမြဲတမ်း ထုတ်ဖော်ရေးသား ချက်တွေကို တွေ့နေရပါတယ်။ မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့ တည်ဆဲဥပဒေများ အရ မဲမသမာမှုကို အဓိကဖြစ်ပေါ်စေခဲ့တဲ့အတွက် တရားဥပဒေနှင့် အညီ အရေးယူဆောင်ရွက်နေတယ် ဆိုတာကိုလည်း သဘောပေါက်နားလည်ပါတယ်။ မကြာသေးမီကလည်း နေအိမ်အကျယ်ချုပ်မှ အကျဉ်းထောင်သို့ပို့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး လည်းချမှတ်ခဲ့ပါ တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုပြောင်းလဲပြင်ဆင် သတ်မှတ်သွားဖို့ရှိတယ် ဆိုတာလည်း သိရှိလိုပါတယ်။

**ဖြေ** ဒေါ်အောင်ဆန်းစုကြည်ကို စပြီးအရေးယူတဲ့ အချိန် တုန်းကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲရလဒ်ပေါ် မူတည်ပြီးတော့ ဖြစ်ပေါ်ခဲ့တဲ့အခြေအနေပေါ်မှာ စိစစ်ပြီးဆောင်ရွက်တာဖြစ်တယ်။ အထူးသဖြင့် ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့အခြေအနေပေါ့။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ စိစစ်တွေ့ရှိချက် တွေကိုဖြေရှင်းနိုင်ဖို့ သူ့ကိုလည်း ကျွန်တော်တို့ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒါကိုမျက် ကွယ်ပြုခဲ့ပါတယ်။ မျက်ကွယ်ပြုခဲ့တော့ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ အခက်အခဲတွေ၊ နိုင်ငံ ရေးအကျပ်အတည်းတွေ ဖြစ်စေခဲ့တာပေါ့။ အဲ့ဒီတော့ ဖြစ်လာပြီဆိုကတည်းက ကျွန်တော်တို့က သက်သေ ပြရတော့မှာပေါ့။ ဒါသူ့မှာတာဝန်ရှိတယ်ဆိုတာကို ကျွန်တော်တို့က ဥပဒေလမ်းကြောင်းက ကျွန်တော် တို့သက်သေပြရတယ်။ စစ်ရင်းနဲ့ပါ တစ်ခါထပ်ပြီး ရွေးကောက်ပွဲဥပဒေ ကျွန်တော်တို့ အဲ့ဒီမှာလည်း သက်ညှာမှုတွေ ကျွန်တော်လုပ်ခဲ့ပါတယ်။ ပထမ ဦးဆုံးစဖြစ်တဲ့အချိန်မှာ သက်ညှာမှုတွေပေးတယ်။ ဒါပေမယ့် အဲ့ဒီလိုစစ်ရင်းနဲ့ တွေ့ရှိလာတဲ့အခြေအနေ ပေါ်မှာ တခြားကိစ္စတွေပါ ပါလာတာကို ကျွန်တော် တို့တွေ့ခဲ့တယ်။ အထူးသဖြင့် အဂတိလိုက်စားမှု ဥပဒေနဲ့ပတ်သက်တာတွေပါလာတာတွေ့ရတယ်။ ဒါကြောင့် ဒါကျတော့ ကျွန်တော်တို့က ဥပဒေကြောင်း အရ အရေးယူရတာတွေ ဖြစ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူ့ကိုတရားဥပဒေအရပဲ ကျွန်တော်တို့က အရေးယူဆောင်ရွက်တယ်ဆိုတာ လေးလည်း ပြောလိုပါတယ်။ အခုနေအိမ်အကျယ်ချုပ် ဆိုတာလည်း စတင်စစ်ဆေးတဲ့အချိန်မှာ နေအိမ် အကျယ်ချုပ်ကျွန်တော်တို့ထားတာပေါ့။ ပြီးတော့မှ ဥပဒေအရဆောင်ရွက်တဲ့ဟာတွေ ဖြစ်ပါတယ်။ ထပ် ပြီးတော့ ဆုံးဖြတ်မယ်ဆိုတာမျိုးတော့ အခုချိန်မှာ ပြောဖို့စောပါသေးတယ်။ နောက်ဆုံး အားလုံးအမှု တွေပြီးပြီ။ အခြေအနေအားလုံးပြီးပြီဆိုလာမှ ကျွန်တော်တို့ပြောလို့ရပါလိမ့်မယ်။

**မေး** နောက်ဆုံးမေးခွန်းအနေနဲ့ မေးလိုတာကတော့ မကြာသေးမီက မြန်မာနိုင်ငံမှာ ယခင် NLD ပါတီဝင် ဟောင်းလေးဦးနဲ့ပတ်သက်ပြီးတော့ အပြင်းထန် ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့တယ်ဆိုတာလည်း ဒီသတင်း တွေမှာ ဖတ်ရှုရပါတယ်။ ဘာကြောင့်မို့ ဒီလိုအပြင်း ထန်ဆုံးပြစ်ဒဏ်ကိုပေးခဲ့ရလဲဆိုတဲ့ အခြေအနေလေး တွေသိရှိလိုပါတယ်။

**ဖြေ** No One Above the Law မည်သူမျှတရားဥပဒေ အထက်မှာမရှိဘူးဆိုတဲ့ စကားလေးတစ်ခုရှိပါတယ်။ သူတို့ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့ လေးယောက်နဲ့ ပတ်သက်လို့ရှိရင် ဒီလေးယောက်မှာ နှစ်ပိုင်းခွဲတွေ့ ပါတယ်။ အုပ်စုပေါ့လေ။ တစ်အုပ်စုကတော့ ခုနက မေးတဲ့အထဲမှာ NLD ပါတီဝင်ဆိုတဲ့ အမာခံပါတီဝင် ခေါင်းဆောင်ပိုင်းပါတီဝင်ပေါ့လေ။ သူတို့တွေနဲ့ ပတ်သက်တာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီမှာလည်း နိုင်ငံမှာဖြစ်ပေါ်လာခဲ့တဲ့ ဆူပူအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီးတော့ ဒီအထိကတော့ ကျွန်တော်တို့ အနေနဲ့ဘာမှပြဿနာမရှိဘူး။ သို့သော်လည်းပဲ သတ်ဖြတ်တဲ့အချိန်၊ မိုင်းထောင်ဖောက်ခွဲသတ်ဖြတ် တဲ့အခြေအနေမျိုးကျရင်တော့ ဘာ့ကြောင့်ဒီ ပြဿနာဖြစ်လာလဲဆိုတာ ကျွန်တော်တို့ ဒီအဖြေ ထုတ်ရမယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အဖြေထုတ် တဲ့အခါမှာ ဒီလူတွေက အကြမ်းဖက်သတ်ဖြတ်မှု

အတွက် တစ်အချက် စီမံဆောင်ရွက်ခဲ့တာတွေရှိတယ်။ သူတို့အားပေးခဲ့တာရှိတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်တွေကြောင့် ပြည်သူတွေအများကြီးသေကျေခဲ့တာရှိတယ်။ သေတဲ့အထဲမှာ နိုင်ငံ့ဝန်ထမ်းတွေပါတယ်။ အပြစ်မဲ့တဲ့ပြည်သူတွေပါတယ်။ နောက် ဆရာဆရာမတွေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေပါတယ်။ ရဟန်းသံဃာတွေပါတယ်။ သီလရှင်တွေပါတယ်။ ဒါတွေက သူတို့ရဲ့ကြံစည်မှုတွေကြောင့်၊ သူတို့ရဲ့ အားပေးမှုတွေကြောင့်၊ သူတို့ရဲ့စီမံမှုတွေကြောင့် ဖြစ်လာခဲ့တဲ့ဟာတွေဖြစ်တယ်။ ဒါတွေကတော့ ဥပဒေအရလည်း အရေးယူရမှာဖြစ်ပါတယ်။ ထို့အတူပဲ နောက်နှစ်ယောက်လည်း ရက်ရက်စက်စက်နဲ့ လူသတ်တဲ့ကိစ္စဖြစ်ပါတယ်။ ခင်ဗျားကို ကျွန်တော်ဥပမာတစ်ခုပြောပြမယ်။ လူတစ်ယောက်ကို သတ်တယ်ပေါ့နော်။ သေနတ်နဲ့ပစ်သတ်မယ်။ တစ်ချက်ချင်းပစ်တယ်။ တစ်ချက်တည်းပစ်ပြီး သေသွားတဲ့ဟာရှိမယ်၊ မသေတာလည်းရှိမယ်၊ တစ်ချက်ထိပြီးတော့ သူရှောင်သွားမယ်။ သို့သော်လည်း သူလူသတ်တာပဲ။ သို့သော် နှစ်ချက်ပစ်မယ်၊ သုံးချက်ပစ်မယ်၊ လေးချက်ပစ်မယ်၊ ငါးချက်ပစ်မယ်ဆိုရင်တော့ ဒါတော့တကယ့်ကို သေအောင်လုပ်တဲ့ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်။ အခု လုပ်တဲ့သူတွေက အဲ့ဒီလိုလူတွေဖြစ်ပါတယ်။ တစ်ချက်နဲ့မဟုတ်ဘဲနဲ့ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက် သေနတ်နဲ့ ပစ်တယ်၊ ဓားနဲ့ထိုးတယ်၊ ဒီလိုလူမျိုးကို ကျွန်တော်တို့ အပြစ်ပေးခြင်းဖြစ်ပါတယ်။ ခင်ဗျားတို့ ဘယ်လို ဒီလိုလူမျိုးကို ဘယ်လိုလုပ်ခွင့်လွှတ်လို့ရတော့မလဲ။ သူတို့သတ်ထားတဲ့ လူတွေရဲ့မိသားစုတွေ ဘယ်လိုခံစားရမလဲ။ ဒါလည်း သူတို့ပြန်ကြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အရင်က မလုပ်ခဲ့ဘူး။ သို့သော်လည်းပဲ ဒီတစ်ခါမှာ ရက်ရက်စက်စက်ကို လုပ်လွန်းအားကြီးတဲ့အတွက်ကြောင့် ဒီပြစ်ဒဏ်ကိုပေးဖို့အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီအင်တာဗျူးမေးခွန်းတွေကို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

## ( ၂၃ - ၉ - ၂၀၂၂ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို စက်တင်ဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဗဟိုကော်မတီဝင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယကတို့ တက်ရောက် ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်းဖရင့်ဖြင့် တက်ရောက်ကြသည်။

**အဓိကမောင်းနှင်အားဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း၊ ယခင်က အကြောင်း အမျိုးမျိုးကြောင့် အစည်းအဝေးမပြုလုပ်နိုင်ခဲ့သော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုင်ရာ စီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို အမြဲမပြတ် မှာကြားခဲ့ခြင်းကြောင့် လုပ်ဆောင်နိုင်သည့် ကိစ္စရပ်များလည်း များစွာရှိခဲ့ကြောင်း၊ ယခင်က SME ဟု အသုံးပြုခဲ့သော်လည်း ယခုအခါ အဓိပ္ပါယ်ပိုမိုလေးနက် စေရေးအတွက် MSME ဟုပြောင်းလဲသတ်မှတ်အသုံးပြု ခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံ

တစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME စီးပွားရေးလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်ခန့် ပါဝင်လျက်ရှိသည်ကို လေ့လာချက်များအရ တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့အစိုးရတာဝန်ယူပြီး နောက်ပိုင်းတွင် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ရာ စီးပွားရေးနှင့်ပတ်သက်၍ ဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ၃ ရပ်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း၊ အဆိုပါ အချက်များမှ တတိယအချက်သည် နိုင်ငံတော်မှ ပြည်တွင်းစီးပွားရေးကို အားပေးကူညီရန်ဖြစ်ကြောင်း။

## ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိ

MSMEလုပ်ငန်းများသည်ပြောင်းလဲနေသည့်ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ဆောင် ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုသီးနှံများဖြစ်သည့် ရာဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများ ထုတ်လုပ်သည့် ပၢရဆေးပင်များကို စိုက်ပျိုးကြကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကစားသုံးသော အသားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကိုမွေးမြူကြကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများလည်း များစွာရှိကြောင်း၊ သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ ထုံးကျောက်၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ခဲမဖြူ၊ အဖြိုက်နက်စသည့် သယံဇာတပစ္စည်းများရှိကြောင်း၊ အဆိုပါ သယံဇာတပစ္စည်းများကို MSME ဖြင့်ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

## အားပေးဆောင်ရွက်ခြင်းဖြစ်

MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ သို့သော်ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုကြီးမားသည့်လုပ်ငန်းများနှင့် လတ်တလော ပုဂ္ဂလိကရင်းနှီးမှုလုပ်ဆောင်ရန်အတွက် အင်အားနည်းနေသေးသည့် လုပ်ငန်းများကို မဆုံးရှုံးစေရန်အတွက် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးနှင့်ပတ်သက်၍ အစိုးရမှအချို့သောအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရမှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း နိုင်ငံ၏အခြေအနေအရ လိုအပ်သည့်အခန်းကဏ္ဍများတွင် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်နေရဦးမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်ခြင်းကို အဓိကထားသည့်စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဟူ၍ လေးမျိုးရှိသည်ဟု လေ့လာချက်များအရ တွေ့ရှိရကြောင်း၊ အဆိုပါအချက်များအနက် ကုန်ထုတ်လုပ်မှုကို အခြေခံသည့်လုပ်ငန်းသည် လက်တွေ့ကျသည့်လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု မရှိ

**စီးပွားရေးနှင့်ပတ်သက်သည့် မူဝါဒမှာ ပြည်တွင်းစီးပွားရေးကိုအားပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိ၊ ပြည်ပအားကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်၊ ပြည်တွင်းအားဖြင့် ဆောင်ရွက်ရာတွင်လည်း အကျိုးရှိထိရောက်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၊ တိုင်းပြည်၏ စီးပွားရေးကို ပြည်တွင်း စီးပွားရေးအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်၊**

ပါက ရောင်းဝယ်မှုနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံတွင် MSME ၏အခြေခံဖြစ်သည့် SME ဥပဒေကို ၂၀၁၅ ခုနှစ်တွင် လွှတ်တော်၌ ပြဋ္ဌာန်းခဲ့ပြီး မူဝါဒများနှင့် နည်းဥပဒေများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို ချမှတ်ပြဋ္ဌာန်းခြင်းသည် လုပ်ငန်းများကို ခိုင်ခိုင်မာမာဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများ အားနည်းခဲ့မှုကြောင့် ပြည်သူများအနေဖြင့်လည်း အထင်အမြင်လွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် ယုံကြည်မှုရရှိရန် လိုအပ်သဖြင့် MSME ကိုအဓိကထားဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ မိမိ၏စီးပွားရေးနှင့်ပတ်သက်သည့် မူဝါဒမှာ ပြည်တွင်းစီးပွားရေးကိုအားပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ပြည်ပအားကိုအားကိုးခြင်းထက် ပြည်တွင်းအားဖြင့်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်တွင်းအားဖြင့်ဆောင်ရွက်ရာတွင်လည်း အကျိုးရှိထိရောက်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကို ပြည်တွင်းစီးပွားရေးအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသားဖြစ်သည့်အခြေခံများကို ခိုင်ခိုင်မာမာဖြစ်အောင်ဆောင်ရွက်၍ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

**အဓိကလိုအပ်ချက်**

ကုန်ထုတ်လုပ်မှုဆိုရာတွင် မိမိလေ့လာသိရှိမှုအရ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လုပ်အားတို့သည် အဓိကလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ကုန်ကြမ်းရှိမှသာ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားနှင့် လောင်စာ (Power & Energy)သည်လည်းလိုအပ်ကြောင်း၊ ငွေကြေးအရင်းအနှီးများရှိမှသာ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ကျွမ်းကျင်လုပ်သားများရှိမှသာ လုပ်ငန်းများလည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် MSME လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်ကြမ်းရရှိရန်သေချာသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ထွက်ကုန်များကိုအခြေခံသည့် တန်ဖိုးရှိပစ္စည်း၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဒေသတွင်းရှိ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို အခြေခံသည့် တန်ဖိုးရှိနှင့်တန်ဖိုးမြင့်ပစ္စည်းများကိုထုတ်လုပ်ခြင်းများကို အခြေခံကျကျထုတ်လုပ်ရန်လိုကြောင်း၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုကျဉ်းမြောင်းအောင် ပြုလုပ်ပေးရန်လိုအပ်သည်ကို မိမိအနေဖြင့် မကြာခဏပြောကြားခဲ့ကြောင်း၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကြောင့် ကျေးလက်နေပြည်သူများ မြို့ပြသို့သွားရောက်၍ အလုပ်လုပ်ကြရကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်ကြောင့် အားနည်းသည့်ဒေသမှ ပြည်သူများက အားကောင်းသည့်ဒေသများကို သွားရောက်၍အလုပ်လုပ်ကိုင်ကြကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် စက်မှုဇုန်များအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့သောဒေသများတွင်စက်မှုဇုန်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်

နိုင်ရေး စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ခရိုင်များ တိုးချဲ့ဖွဲ့စည်းထားရာ အဓိကကျသည့် ခရိုင်များတွင်စက်မှုဇုန်များ၊ စက်မှုရပ်ကွက်များ ဖော်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမည်ဆိုပါက အဆိုပါဒေသကိုအခြေခံသည့် ထွက်ကုန်ပစ္စည်းများထုတ်လုပ်မှုသည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ရောင်းကုန်ပစ္စည်းများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ဒေသများအလိုက် MSME ကိုအခြေခံသည့်စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မြို့ပြများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ လျော့ပါးသွားမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ရရှိရေးအတွက် မိမိတို့နိုင်ငံတွင် အသေးစား၊ အငယ်စား၊ အလတ်စား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် လျှပ်စစ်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အနာဂတ်မြန်မာနိုင်ငံစီးပွားရေးအတွက် အကျိုးရှိသည့်လုပ်ငန်းများဖြစ်ခြင်းကြောင့် အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ငွေကြေးများချေးငှားပေးရန် အဆင်သင့်ရှိ**

MSME လုပ်ငန်းများကို မိမိတို့နိုင်ငံတွင် အခြေခံကျကျဆောင်ရွက်၍ရသည်ကို တွေ့ရှိရကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ လိုအပ်သည့် ငွေကြေးများကို အစိုးရအနေဖြင့် ချေးငှားဆောင်ရွက်ပေး၍ရကြောင်း၊ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ၍ ငွေကြေးများ ချေးငှားပေးရန် အဆင်သင့်ရှိကြောင်း။

လူသားအရင်းအမြစ် လိုအပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အသက် ၂၅ နှစ်အထက် လူဦးရေတွင် ၁၉ သန်းခန့်သည့် အခြေခံပညာအားနည်းသည်ဟု သန်းခေါင်စာရင်းအရ သိရှိရကြောင်း၊ အဆိုပါပြည်သူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ သင်ကြားဖွင့်လှစ်ပေးရန်လိုကြောင်း၊ KG+10 နှင့်အထက်ပညာအရည်အချင်းရှိသူများကိုလည်း တိုင်းပြည်အတွက်အကျိုးရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍမှ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သင်ကြား၍ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးဆောင်ရွက်ကြစေလိုကြောင်း၊ လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး ယခင်တပ်မတော်အစိုးရလက်ထက်ကလည်း အထူးဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန်ဖြင့် ဆောင်ရွက်ခဲ့ပြီးအဆိုပါဇုန်များတွင် တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံများတည်ဆောက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းမှာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ် မွေးထုတ်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အားလုံး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ရယူနိုင်ရန်လိုကြောင်း။

**အရည်အသွေးအားနည်းမှုများရှိ**

မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်အများစုမှာ အရည်အသွေးဆိုင်ရာ အားနည်းမှုများရှိခြင်းကြောင့် ဈေးကွက်တွင် ဈေးနှုန်းရရှိမှုနည်းပါးကြောင်း၊ အရည်အသွေးအားနည်းမှုများရှိခြင်းမှာ ကုန်ထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်းများ၊ နည်းပညာနှင့် လူသားအရင်းအမြစ်များအားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ ထုတ်ကုန်များ အရည်အသွေးမီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ရာတွင် အစားအစာများ၊ အဖျော်ယမကာများ၊ အထည်အလိပ်နှင့် အထည်ထုတ်လုပ်မှု၊ သားရေထွက်ကုန်ပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့် ရုက္ခဗေဒဆိုင်ရာပစ္စည်းများ၊ ရာဘာနှင့် ပလတ်စတစ်ဆိုင်ရာပစ္စည်းများ၊ သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ၊ အခြေခံသတ္တုပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ပစ္စည်း

များကို ထုတ်လုပ်ခြင်းသည် မိမိတို့နိုင်ငံအတွက် လက်တွေ့ကျကျထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများဖြစ်သဖြင့် ပထမဦးစားပေးအနေဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒုတိယဦးစားပေးထုတ်လုပ်မှုအနေဖြင့် ဆေးရွက်ကြီးနှင့် စီးကရက်ပစ္စည်းများ၊ စက္ကူထုတ်လုပ်ခြင်းများ၊ ရေနံစိမ်းနှင့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ ဓာတုဗေဒပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်များ၊ သတ္တုသန့်စင်ပစ္စည်းများထုတ်လုပ်ခြင်း၊ ကွန်ပြူတာနှင့် အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ စက်ပစ္စည်းများထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်အမျိုးမျိုးနှင့် ပစ္စည်းတင်ယာဉ်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များထုတ်လုပ်ခြင်းနှင့် အခြားပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဦးစားပေးအလိုက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးတွင် ပါဝင်သည့်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများလုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဓာတုဗေဒပစ္စည်းများထုတ်လုပ်ခြင်းနှင့် အချို့သောထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရင်းအနှီးများနှင့် နည်းပညာများ လိုအပ်လျက်ရှိနေသေးကြောင်း။

မိမိတို့နိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄ သောင်းကျော်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်စေရန် ဝန်ဆောင်မှုနှင့်ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်များ ဈေးကွက်ရရှိရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ သတင်းအချက်အလက်များ မြန်ဆန်စွာစီးဆင်းရန်ကိစ္စရပ်များ၊ ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့ရေး လုပ်ငန်းကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အဆိုပါကိစ္စရပ်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်၍မရဘဲ အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သဖြင့် ကော်မတီဝင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများကို အာဆီယံ၏ညွှန်းကိန်းများနှင့် သုံးသပ်ခဲ့သည်များရှိပြီး ရလဒ်ညွှန်းကိန်းများတွင် မိမိတို့နိုင်ငံသည် အချို့နေရာများ၌ အာဆီယံညွှန်ကိန်း၏ အနိမ့်ပိုင်းတွင်ရှိပြီး အချို့နေရာများတွင် အလယ်အလတ်အဆင့်အပိုင်းတွင် ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မည်သို့သော ညွှန်းကိန်းများ ပြနေသည်ဖြစ်စေ မိမိတို့အနေဖြင့် လက်တွေ့ကျသည့် အလုပ်ဖြစ်နိုင်သည့် MSME များဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ထုတ်လုပ်မှုကိုအခြေခံဖြစ်ပေါ်လာသည့် ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ၂၅ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထုတ်လုပ်မှုမှာ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းမှာ ဝယ်ရောင်းသမားများဖြစ်ကြကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းထက် ဈေးရောင်းချသူများ များပြားကြောင်း၊ ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း။

**ဖြေလျှော့ပေးရန်လို**

MSME လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏လေ့လာချက်အရ ပတ်ဝန်းကျင်ကောင်းများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အခြေခံအဆောက်အဦများလိုအပ်ချက်များရှိခြင်း၊ စွန့်ဦးတီထွင်လိုသူများအတွက် မဝံ့မရဲဖြစ်မှုများကို ဖြေလျှော့ပေးရန်လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး၊ စရိတ်ကြီးမြင့်သည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကို တွေ့ရှိရခြင်း၊ ရိုးရာနည်းပညာများကို အသုံးပြုထုတ်လုပ်ခြင်း၊ သုတေသနပြုချက်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများတွင် အထောက်အပံ့ အားနည်းသည်များကို တွေ့ရှိရကြောင်း၊ အဆိုပါရလဒ်များကို အခြေခံ၍ ထုတ်ကုန်များကို ရောင်းတန်းဝင် အဆင့်မြင့်တင်နိုင်ရန်အတွက် ကန့်သတ်ချက်များနှင့် အဟန့်အတားများတွေ့ရှိရသည်ဟု လေ့လာတွေ့ရှိရကြောင်း၊ ထုတ်ကုန်များကို အရည်အသွေးရှိသည့် ရောင်းကုန်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို ကော်မတီဝင်များအနေဖြင့် ထည့်သွင်းစဉ်းစား၍ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ကြမည်ဆိုပါက MSME လုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးကို ထိထိမိမိအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မိမိအနေဖြင့်ယခု MSME လုပ်ငန်းသည် နိုင်ငံအတွက် အဓိကမောင်းနှင်အားဖြစ်သဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်းဖြင့်

ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စက်မှုလုပ်ငန်းမူဝါဒ၊ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတို့ ချိတ်ဆက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၏ အရင်းအမြစ်များ၊ မြန်မာနိုင်ငံ၏ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ မူဝါဒနှင့် နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်ခဲ့မှု၊ MSME အဖြစ် စတင်သုံးနှုန်းလာခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ရမည့် ကော်မတီနှင့် အဖွဲ့များ၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများဖွဲ့စည်းခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ မြန်မာ့ MSME ရှင်သန်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် MSME ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီမှ ဆွေးနွေးဆုံးဖြတ်ရမည့်အချက်များကို အဆိုပြုတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များက ပြည်တွင်းလျှပ်စစ်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများကို အားပေးကူညီရန်၊ MSME ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် ပြည်ပအဖွဲ့အစည်းများမှ ချေးငွေများထုတ်ချေးပေးခဲ့မှုနှင့် ဆက်လက်ထုတ်ချေးပေးသွားမည့် အစီအမံများ၊ MSME ရန်ပုံငွေထူထောင်ရေး၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများနှင့် ဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်စေရန် ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးသတင်းချက်အလက်များကို နိုင်ငံပိုင်မီဒီယာများမှ အချိန်နှင့်တပြေးညီ ထုတ်လွှင့်ဖော်ပြနိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများ၊ ကျေးလက်ဒေသများတွင် သမဝါယမအသင်းများဖွဲ့စည်းပြီး အသေးစားစက်မှုလုပ်ငန်းများထူထောင်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု၊ ဈေးရောင်းပွဲတော်များနှင့် ထုတ်ကုန်ပြပွဲများကျင်းပပေးနေမှု၊ သစ်အချောထည်၊ ကျောက်မျက်အချောထည်နှင့် ဓာတ်သတ္တုနှင့် စက်မှုတွင်းထွက်လုပ်ငန်းများခွင့်ပြုထားရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအားပေးနေမှု၊ လျှပ်စစ်ကဏ္ဍတွင် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကထုတ်ကုန် အရည်အသွေးတိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှု၊ SME ဥပဒတွင် ပြင်ဆင်ရန်လိုအပ်သည့်အချက်များ၊ MSME လုပ်ငန်းများအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြင့် ချိတ်ဆက်ရန် လိုအပ်မှုအခြေအနေ၊ တက္ကသိုလ်များ၌ စီးပွားရေးဘာသာရပ်များတွင် MSME ဘာသာရပ်ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး၊ MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်၊ စံညွှန်း သတ်မှတ်ရန်လိုအပ်မှုအခြေအနေ၊ MSME လုပ်ငန်းများမှထုတ်လုပ်သည့်ထုတ်ကုန်များအား စားသုံးသူများအတွက် ဘေးကင်းသည့်ထုတ်ကုန်ဖြစ်စေရန် FDA မှ အရည်အသွေးစစ်ဆေး၍ခွင့်ပြုပေးနေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းလိုအပ်ချက်၊ ဥပဒေဆိုင်ရာလိုအပ်ချက်နှင့်ငွေကြေးမူဝါဒဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းပြည်၏စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးစနစ်ကောင်းမွန်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူပို့ဆောင်ရေးစနစ်ကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စီးပွားရေးအရ တွက်ချေကိုက်သည့်အတွက် နိုင်ငံတကာတွင် ရထားပို့ဆောင်ရေးစနစ်ကိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးစနစ်ကောင်းမွန်စေရန် အရေးကြီးပါကြောင်း၊ အများ

ပြည်သူများအတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန်နှင့် မှန်မှန်ကန်ကန်၊ လုံလုံခြုံခြုံ ဖြစ်စေရန် အရေးကြီးပါကြောင်း၊ ထို့ပြင် မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲမှု အပိုင်းတွင်လည်း စည်းကမ်းတကျ ဖြစ်စေရန် လိုအပ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာများမှ စီးပွားရေးသတင်းများ၊ ကုန်ဈေးနှုန်းနှင့် ငွေကြေးသတင်း အချက်အလက်များကို သီးခြားကဏ္ဍတစ်ခုအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၊ တပ်မတော်နှင့် ပုဂ္ဂလိကအပိုင်းတို့မှ သတင်း အချက်အလက်များကို ပြည်သူများမှန်မှန်ကန်ကန်မြန်မြန် ဆန်ဆန်သိရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သစ်အချောထည်ထုတ်ကုန်များကို အဆင့်မီထုတ်လုပ် နိုင်ရန် လိုအပ်ပါကြောင်း၊ အလားတူ တွင်းထွက်သယံဇာတ များကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ် သွားစေလိုကြောင်း။

MSME လုပ်ငန်းများရှိရာ နယ်မြေဒေသအလိုက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် အသေးစား ဓာတ်အားထုတ်လုပ်သည့်စနစ်များ ကူညီဆောင်ရွက် ပေးနိုင်ရေး၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်းမပြုဘဲ ဒေသအလိုက် တစ်ပိုင်တစ်နိုင် ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်ရေး သက်ဆိုင်ရာဝန်ကြီး ဌာနမှ ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အလုပ် သမားဝန်ကြီးဌာနမှ လက်ရှိဖွင့်လှစ်လျက်ရှိသည့် သက် မွေးပညာသင်တန်းများ ထိထိရောက်ရောက်ဖြစ်စေရန် လိုအပ်ကြောင်း၊ အဆိုပါသင်တန်းများမှ မွေးထုတ်ပေး လိုက်သည့် အလုပ်သမားများကိုလည်း လက်တွေ့လုပ်ငန်း ခွင်တွင် အကျိုးရှိရှိအသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ လူသားအရင်းအမြစ်များ ရရှိရေးကို ဦးတည်ဆောင်ရွက် ရန်လိုအပ်ကြောင်း၊ ပြည်တွင်းသုံး MSME ထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့်ပတ်သက်၍ တစ်ပြေးညီဖြစ်ရန် လိုအပ် ပါကြောင်း၊ ပြည်ပပို့ကုန်များအတွက် ထုတ်ကုန်အရည် အသွေးကိုလည်း နိုင်ငံတကာအရည်အသွေးမီဖြစ်စေရန် စံချိန်စံညွှန်းသတ်မှတ်ရန်လိုအပ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးကို အထောက်အကူဖြစ်ရန် ကုန် ထုတ်လုပ်မှုတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေ အောက် သယံဇာတများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံခြားငွေရရှိရေးအတွက် ကြိုးစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပြည်တွင်း စီးပွား ရေးကို အထောက်အကူဖြစ်စေရန် ဒေသအလိုက် ကုန် ထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ နိုင်ငံတော်သည် မူဝါဒချမှတ်ပေးသည့်အဆင့် ဖြစ်ပြီး MSME လုပ်ငန်းများ မြေပြင်တွင် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် UMFCCI နှင့် ညီနောင်အသင်း များအနေဖြင့် လက်တွေ့ကျကျပေါင်းစပ်ဆောင်ရွက်ပေး ရမည်ဖြစ်ကြောင်း၊ ဒေသတိုင်းတွင် MSME လုပ်ငန်းများ မှ ထုတ်လုပ်မှုများရှိနေရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ဖြင့် ပြည်တွင်းစီးပွားရေးအားကောင်းအောင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဥပဒေဖြင့် အကာအကွယ်ပေးထားနိုင်ရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လုပ်ငန်းကော်မတီ၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြား ရာတွင် ယခုအစည်းအဝေးတွင် အားလုံးမှတက်တက်ကြွကြွ ပါဝင်ဆွေးနွေးဆောင်ရွက်ကြသည်ကိုတွေ့ရကြောင်း၊ MSME ကို နိုင်ငံစီးပွားရေးမြှင့်တင်မှုအတွက် ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အကြား အလပ်မရှိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၊ ဒေသ တစ်ခုနှင့်တစ်ခု တိုးတက်ဖွံ့ဖြိုးမှုများကွာဟမှုမရှိအောင် ဆောင်ရွက်ပေးပြီး အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်အလိုက်၊ ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်း များကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုအတွက် စဉ်းစား ဆောင်ရွက်ရန်၊ လူသားအရင်းအမြစ်များ ရရှိရေးအတွက် ဆောင်ရွက်ရန်နှင့် ပညာရေးကွာဟမှုများကို တတ်နိုင် သမျှ လျှော့ချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူသား အရင်းအမြစ်များကိုအသုံးချ၍ နည်းပညာနှင့် အတတ်


ပညာများကို ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရင်းအနှီးများရရှိရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရန်လိုကြောင်း၊ လမ်းမကြီးများသာမက မြို့၊ ရွာချင်းဆက်လမ်းများ ကုန်ထုတ်လမ်းများ ကောင်းမွန်ရန်မှသာ ထုတ်လုပ်သည့်ထုတ်ကုန်များကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးစနစ်များလည်း ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စက်ရုံများနှင့် စက်ပစ္စည်းများလည်ပတ် နိုင်ရန်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ရရှိရေးအတွက် ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ကော်မတီသည် နိုင်ငံတော်အတွက် အရေးကြီးသည့်အဓိကကျသည့် ကော်မတီတစ်ခုဖြစ်ပြီး ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်တို့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်စကား

( ၂၆ – ၉ – ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်တို့နှင့်အတူ (UWSP)မှ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊

(NDAA)မှ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ (SSPP)မှ အတွင်းရေးမှူး(၂) စဝ်ဆိုင်းဆုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ယခု ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကြေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့်အခြေအနေများ၊ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

**အမြော်အမြင်ကြီးစွာ ကမ်းလှမ်းခဲ့မှု**

ထို့နောက် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလေ့ာယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘောထားကြီးစွာဖြင့် နိုင်ငံရေးဆွေးနွေးမှုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန် အမြော်အမြင်ကြီးစွာကမ်းလှမ်းခဲ့မှုအပေါ် ဝမ်းမြောက်ကြိုဆိုသည့် အခြေအနေများ၊ **နိုင်ငံတော်မှခွဲမထွက်ဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို စွဲမြဲစွာထိန်းသိမ်းလိုက်နာလျက်ရှိ**သည့် အခြေအနေများ၊ သဘောထားကွဲလွဲမှုများကို လက်နက်ဖြင့်ဖြေရှင်းခြင်းမပြုလုပ်ဘဲ ငြိမ်းချမ်းစွာဖြင့်သာ ဆွေးနွေးဖြေရှင်းဆောင်ရွက်ရန်လိုလားပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒေသ၊ လူမျိုးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်သည့် အခြေအနေများ၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တို့အပေါ်တွင်သာအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည့်အခြေအနေများနှင့် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှု၍စိတ်ရှည်စွာဖြင့် ညီညီညွတ်ညွတ်ဆွေးနွေး ဆောင်ရွက်သွားကြမည်ဖြစ်မည့်အခြေအနေများနှင့်ပတ်သက်၍ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

## ( ၂၇ - ၉ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၂)ကို စက်တင်ဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**ရုရှားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့မှုနှင့်ပတ်သက်၍ အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ကမ်းလှမ်းဖိတ်ကြားခဲ့မှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်၍ အရှေ့ဖျားစီးပွားရေးဖိုရမ်တက်ရောက်ခဲ့မှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ရုရှားနိုင်ငံအတွက် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်မှု၊ နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရုရှားနိုင်ငံမှ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေးနိုင်ခဲ့မှု၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးနိုင်ခဲ့မှုများနှင့် ရလဒ်ကောင်းများရရှိခဲ့မှုအခြေအနေများ၊ ရုရှားနိုင်ငံအတွင်း နှစ်နိုင်ငံစီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် နေရာဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့မှု၊ ရုရှား-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး ခေတ်အဆက်ဆက်နှစ်

နိုင်ငံဆက်ဆံရေး ကောင်းမွန်ခဲ့မှု အခြေအနေများ၊ ရုရှားနိုင်ငံသို့ ပညာတော်သင်များ စေလွှတ်နိုင်ခဲ့မှု၊ ရုရှား-မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတွင် ရုရှားနိုင်ငံအနေဖြင့် သဘောထားမှန်ကန်စွာဖြင့် ယုံကြည်မှုရှိရှိ မိတ်ဆွေကောင်းပီသစွာ ဆောင်ရွက်ပေးမှု၊ ရထားပို့ဆောင်ရေးစနစ်များကို လေ့လာခဲ့မှုနှင့် ရုရှားနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေ**

ဆက်လက်၍ နိုင်ငံစီးပွားရေးမြှင့်တင်ရေးအတွက် ယခုနှစ်စိုက်ပျိုးရေးရာသီတွင် နွေစပါးနှင့် ပဲတီစိမ်းများကို ယခင်ကထက်အောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးချေးငွေအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ နွေစပါးနှင့် ပဲတီစိမ်းသည် အချိန်ကာလတစ်ခုအတွင်း အကျိုးအမြတ်ပြန်လည်ရရှိနိုင်သည့် Quick Win ဖြစ်သည့်အတွက် ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးသည့်တောင်သူများကို ငွေထုတ်ပေးခြင်းထက် စိုက်ပျိုးရန်လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ မျိုး စသည်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးမည့်မြေနှင့် လုပ်အားကိုသာ စိုက်ထုတ်ရမည်ဖြစ်ပြီး စိုက်ပျိုးမြေများကို စက်ယန္တရားများအသုံးပြုမောင်းနှင်နိုင်သည့် ဧကကွက်များအဖြစ် ပြုပြင်ရန်လိုအပ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း။

ပဲတီစိမ်းသည် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားကောင်းမွန်သည့် ပဲအမျိုးအစားဖြစ်သဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက အကျိုးအမြတ်များဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုကိုလည်း စနစ်တကျဖြင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးအမြတ်များဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ရရှိလာသည့် အကျိုး အမြတ်များမှ လာမည့်နှစ်များတွင် စိုက်ဧကများတိုးမြှင့်၍ ထောက်ပံ့ပေးအပ်နိုင်ရန်နှင့် ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ နွေစပါး၊ မိုးစပါးနှင့် ပဲစိုက်ပျိုးမှုများတွင် ထောက်ပံ့ပေးနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ရရှိလာသည့် အကျိုးအမြတ်များကို တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပြီး ယခင်နှစ်များက နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် ကျန်ရှိသည့် စိုက်ပျိုးရေးချေးငွေများကို ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးရေးလုပ်ငန်းများအတွက် လာမည့်စိုက်ပျိုးရေးရာသီတွင် ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသည့် ကယားပြည်နယ်၊ ချင်းပြည်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက်လည်း မြစိမ်းရောင်စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ငွေများထုတ်ပေးထားကြောင်း၊ မြစိမ်းရောင်စီမံကိန်းများသည် လက်တွေ့တွင် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ငွေများထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်အားပေးဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် "SME ကိုလည်း ကျွန်တော် ပြီးခဲ့တဲ့တစ်နေ့ကပဲ SME တွေ အကုန်လုံးခေါ်တွေ့ပြီးတော့ ကော်မတီအစည်းအဝေးလုပ်ပြီးတော့ SME တိုးတက်ရေးအတွက် ဆောင်ရွက်နေတာရှိပါတယ်။ SME တွေဟာ တိုင်းပြည်ရဲ့အဓိကစီးပွားရေးမှာ SME အခန်းကဏ္ဍ ၉၀ ရာခိုင်နှုန်းကျော်ပါနေပါတယ်။ ကျွန်တော်ကတော့ အဲ့ဒီလိုလုပ်တဲ့ အခါမှာလည်း ဒီ SME လုပ်ငန်းတွေသည် ကုန်ကြမ်းကိုအခြေခံတဲ့ SME တွေဖြစ်ရမယ်။

**အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပါတီများဘက်မှ အဆိုပြုချက်များလည်းရှိ၊ အလားတူ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရေး တွေ့ဆုံဆွေးနွေးနေမှုများရှိ၊ ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး နောင်လာမည့် လွှတ်တော်သက်တမ်းတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သဘောတူညီချက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သဘောတူညီချက်များကို ပေါင်းစပ်၍ လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပိုမိုလျင်မြန်စေမည်ဖြစ်။**

အဲ့ဒီကုန်ကြမ်းသည် ဒေသတွင်းမှာ ထွက်တဲ့ကုန်ကြမ်းတွေပဲဖြစ်ရမယ်။ တိုင်းပြည် တွင်းမှာ ထွက်ရမယ်၊ ဒေသတွင်းမှာ ထွက်ရမယ်။ ကုန်ကြမ်းမရှိရင် ဘာမှလုပ်လို့မရဘူး။ စီးပွားရေးလုပ်ငန်းမှာ ကုန်ကြမ်းမရှိရင်လုပ်လို့မရဘူး။ ဝယ်၊ ရောင်းလုပ်ရင်တောင်မှ အဲ့ဒီကုန်ကြမ်းကို အခြေခံပြီး ထွက်လာတဲ့ကုန်ချောကို ဝယ်၊ ရောင်းလုပ်လို့ရတယ်။ ဒီအတွက်ကြောင့် ကုန်ကြမ်းက အရေးကြီးတယ်။ ကုန်ကြမ်းက၊ ကျွန်တော်တာဝန်ယူတဲ့ အချိန်မှာ ပြည်နယ်နဲ့တိုင်းအားလုံးကို စက်မှုဇုန်တွေ အကုန် လုံးလုပ်ရမယ်ပြောထားတာရှိပါတယ်။ အဲဒီအထဲမှာ အကြွေးကျန်တာ ချင်းပြည်နယ်တစ်ခုကျန်တယ်။ ချင်းပြည်နယ်မှာ စက်မှုဇုန်မရှိဘူး။ စက်မှုရပ်ကွက်လည်း မရှိဘူး၊ စက်မှုဇုန်လည်း မရှိဘူး။ ဒါကြောင့် ချင်းပြည်နယ်ကို ကျွန်တော်က ကော်ဖီရယ်၊ ဝဥရယ်၊ နောက်တစ်ခါ နွား နောက်ရယ် ဒီသုံးခုကိုအခြေခံပြီးတော့ စက်မှုလုပ်ငန်းလုပ်ဖို့အတွက် မှာခဲ့တာရှိပါတယ်။ ကျန်တဲ့ပြည်နယ်နဲ့ တိုင်းတွေမှာ အကုန်လုံးရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့ ခုနကပြောတဲ့ ချင်းပြည်နယ်အတွက် ပေးတဲ့ရန်ပုံငွေထဲကနေပြီးတော့မှ လုပ်ဖို့ရည်ရွယ်ထားပါတယ်။ အဲ့ဒီတော့ SME တွေကလည်း စောစောကပြောတဲ့လုပ်ငန်းတွေမှာ၊ နိုင်ငံတော်အပိုင်းကနေပြီးတော့ ကိုဗစ်ကြောင့် ဖြစ်လာတဲ့ကျဆင်းမှုတွေနဲ့ စီးပွားရေးမြှင့်တင်ဖို့ လုပ်တဲ့အခါမှာတော့ အတိုးအနည်းဆုံးပေ့ါ၊ အတိုးအနည်းဆုံးနဲ့ ယူမှာဖြစ်တယ်။ SME လုပ်ငန်းကတော့ ပြည်နယ်နဲ့တိုင်းအားလုံးမှာ မဖြစ်မနေလုပ်ရမှာဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ ကိုယ့်ဒေသမှာကိုယ် စက်မှုလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းလုပ်မယ်ဆိုရင်တော့ တခြားဒေသကိုသွားပြီးတော့ အလုပ်သွားလုပ်နေတဲ့ ပမာဏတွေ လျှော့ချလိုက်ရမယ်။ လုံးဝမရှိအောင်တော့ လုပ်လို့မရပါဘူး။ လျှော့ချနိုင်ရမယ်၊ ကိုယ့်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာရမယ်။ ကိုယ့်နိုင်ငံရဲ့ကိုယ့်ဒေသ။ ပြောရလို့ရှိရင် ကိုယ့်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းပေ့ါလေ၊ စီးပွားရေးလုပ်ငန်းလုပ်ပြီဆိုရင် ဒေသတွေရဲ့ ဘက်ဂျက်တွေ သူဟာနဲ့သူတက်လာလိမ့်မယ်၊ ပြည်နယ်နဲ့တိုင်းဒေသအလိုက် ဘက်ဂျက်တွေတက်လာလိမ့်မယ်။ သူ့ဘက်ဂျက်နဲ့သူ လည်ပတ်လို့ရအောင် ကျွန်တော်တို့က ဒါကိုမတည်ပေးလိုက်တာ၊ ရှင်းရှင်းပြောရရင်တော့ မတည်ပေးလိုက်တာပါပဲ။ စောစောက ငွေတွေပေးတယ်ဆိုတာလည်း မတည်ပေးလိုက်တာ။ ၁၀ ဘီလီယံစီလွှဲအပ်ပေးတယ်။ ၈ ဘီလီယံစီထောက်ပံ့ပေးတယ်။ ၅ ဘီလီယံစီလွှဲအပ်ပေးတယ်။ သူတို့ကို ဒါတွေလိုအပ်တာသုံးဖို့ ဖက်ဒရယ်အခွင့်အရေးတွေပေးလိုက်တာဖြစ်တယ်။

အဲ့ဒီအထဲကနေပြီးတော့ အခုထပ်ပြီးတော့ SME တွေ အားပေးတာလည်း ဒေသအလိုက် ဒေသအလိုက်မှာ လုပ်ငန်း တွေပေါ်လာပြီး အစိုးရတွေက ဒါတော့ လုပ်ရင်ဖြစ်တယ်ဆိုတာပြတာ။ အစိုးရတစ်ရပ်ဆိုတာ လုပ်ပြဖို့ပဲ။ ဟန်ပြ၊ တီဗီထဲပါနေဖို့ သတင်းထဲပါနေဖို့ မဟုတ်ဘူး။ တကယ်တော့ တိုင်းပြည်၊ ဒေသကို တိုးတက်အောင်လုပ်ပေးရမှာ။ ကျွန်တော်တို့ အစိုးရသည်လည်း တိုင်းပြည်တိုးတက်အောင်လုပ်ရမယ်။ ဒေသအစိုးရကလည်း ဒေသကို တိုးတက်အောင် သူကလုပ်ရမယ်။ ဒါက

လက်တွေ့ကျတဲ့ နိုင်ငံရေးပဲ။ လက်တွေ့ကျတဲ့ နိုင်ငံရေး၊ နိုင်ငံရေးလုပ်စားတာမဟုတ်ဘူး။ တကယ့်နိုင်ငံ့အရေးကို လုပ်စားတာ။ နိုင်ငံ့အရေးလုပ်နိုင်ဖို့အတွက် မတည်ငွေတွေ ကျွန်တော်တို့ပေးလိုက်တာ။ လုပ်ပါစေ။ သူစွမ်းဆောင်ရည်ရှိသမျှ လုပ်ပါစေ။ သူစွမ်းဆောင်ရည်ကောင်းလို့ရှိရင် သူစီးပွားတက်လာလိမ့်မယ်။ စီးပွားတက်ပြီဆိုလို့ရှိရင် သူတို့ဒေသမှာ ဝင်ငွေကောင်းလာလိမ့်မယ်။ ဝင်ငွေကောင်းလာလို့ ရှိရင် ပြည်နယ်နဲ့တိုင်း အစိုးရတွေမှာ ဘက်ဂျက်တွေ ချောင်ချောင်လည်လည် ဖြစ်လာလိမ့်မယ်။ ဗဟိုကနေပေးရတဲ့ ပိုက်ဆံက။ တတ်နိုင်သလောက်။ အတိုင်းအတာတစ်ခုထိတော့ရှိမှာပေါ့။ သို့သော်လည်းပဲ သူတို့အတွက် သူတို့ဖာသာသူ ပြန်လုပ်ခြင်းအားဖြင့် သူတို့ရဲ့ရန်ပုံငွေနဲ့ လုပ်ခြင်းအားဖြင့် သူတို့ဆီမှာ တိုးတက်မှုတွေ အများကြီး ပြနိုင်မှာဖြစ်ပါတယ်။ ဒါကို ပြည်နယ်နဲ့တိုင်း ဝန်ကြီးချုပ်တွေ အကုန်လုံးကိုမှာလိုက်တယ်။ ခင်ဗျားတို့ဒါကိုလုပ်ပြပါ။ စီးပွားရေး လုပ်ပြပါ။ ကျွန်တော်မတည်ငွေတွေပေးလိုက်တယ်။ ဒီလိုပြောခဲ့ပါတယ်။ SME လုပ်ရတဲ့ရည်ရွယ်ချက်ပါပဲ။ အရင်တုန်းက တော့ SME ပဲ ခေါ်တာပေါ့။ နောက်ပိုင်းကျတော့ MSME လို့ ခေါ်တယ် အသေးစား ၊ အငယ်စား၊ အလတ်စားပေါ့။ Micro ရယ် Small ရယ် Medium ရယ် ဖြစ်ပါတယ်။ MSME လို့ ကျွန်တော်တို့ ခေါ်ပါတယ်။ အဲ့ဒါမျိုး ကျွန်တော်တို့လုပ်နေကြောင်းလည်း ကောင်စီဝင်များကိုလည်း ကျွန်တော် အသိပေးလိုပါတယ်” ဟု ပြောကြားသည်။

**ခရီးသွားကဏ္ဍသည် စီးပွားရေးလုပ်ငန်းတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့် လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်း ရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုရှိစေရေး နိုင်ငံတော် အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း။

**နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ခရီးသွားကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ရာတွင်လည်း နိုင်ငံအတွင်း နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုများရှိရန်လိုကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုအတွက် နိုင်ငံရေးပါတီများကိုလည်း နိုင်ငံရေးအရ လှုံ့ဆော်မှုများပြုလုပ်ခြင်းမှလွဲ၍ ပါတီတွင်းတွေ့ဆုံမှုများအပါအဝင် အခြားအုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်၍ ရွေးကောက်ပွဲဥပဒေပြင်ဆင်ရေးကဏ္ဍနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပါတီများဘက်မှ အဆိုပြုချက်များလည်းရှိကြောင်း၊ အလားတူ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရေး တွေ့ဆုံဆွေးနွေးနေမှုများရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး နောင်လာမည့်လွှတ်တော်သက်တမ်းတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သဘောတူညီချက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သဘောတူညီချက်များကို ပေါင်းစပ်၍ လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပိုမိုလျှင်မြန်စေမည်ဖြစ်ကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်စေရေး တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ထိခိုက်မှုမရှိစေရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်၌ PDF များနှင့် ဆက်နွှယ်နေသည့်

EAO အဖွဲ့များတွင် ထိခိုက်မှုများ များပြားလျက်ရှိကြောင်း၊ အဆိုပါ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားသည့်ဒေသများ ထိခိုက်ဆုံးရှုံးမှုများ ပိုမိုများပြားကြောင်း၊ ပြည်သူလူထု၊ တပ်မတော်နှင့်ရဲတပ်ဖွဲ့များကို ထိခိုက်မှုများရှိလာမည်ဆိုပါက လက်တွေ့ကျသည့်တုံ့ပြန်မှုများဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်အခွင့်အရေးများ ပေးအပ်ရာတွင်ဖြစ် သင့်ဖြစ်ထိုက်သည့် ဖက်ဒရယ်အခွင့်အရေးများကိုသာပေးအပ်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ကျင့်သုံးသည့် အခြားနိုင်ငံများတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပထမအဆင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒုတိယအဆင့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို မျက်ကွယ်ပြု၍မရကြောင်း၊ ပြည်ပ ပရောဂများကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဝိဝါဒကွဲပြားမှုများရှိကြောင်း၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ၏ တောင်းဆိုချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များပါဝင်ကြောင်း၊ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဆောင်ရွက်၍ရသည်များရှိကြောင်း၊ နှစ်ဖက်ဖြစ်ချင်သည်နှင့် ဖြစ်သင့်သည်များကို ညှိနှိုင်း၍သဘောတူညီချက်ရရှိမည်ဆိုပါက ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဆောင်ရွက်၍ရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်လိုသည်များကို လွှတ်တော်၌ မဲခွဲဆုံးဖြတ်၍ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် လေးစားစွာဖြင့်ဆောင်ရွက်သည့် သိက္ခာကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်လမ်းကြောင်းမှသာ အခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားလမ်းကြောင်းများမှ ဆောင်ရွက်၍မရကြောင်း၊ အားလုံးမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အားလုံးတညီတညွတ်တည်းရှိခဲ့သည်ကို ပြသခဲ့သည့် ပင်လုံစိတ်ဓာတ်ကို အခြေခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ရန်၊ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့်အတွက် ဖက်ဒရယ်အခွင့်အရေးများကို ပြည်နယ်နှင့်တိုင်းများအားလုံး တစ်ပြေးညီရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ခုကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ကြိုတင်သဘောတူညီချက်များရရှိရေး ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သည်များကို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

**ပညာရည်မြှင့်တင်ရေးအတွက် စာသင်ကျောင်းများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှု**

ပညာရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများဖွင့်လှစ်ရန်ဆောင်ရွက်ခဲ့ပြီး လာမည့်ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ စာသင်ကျောင်း ၅၀ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းအတွက် လိုအပ်သည့်မြေနေရာနှင့် တက်ရောက်မည့်ကျောင်းသားကျောင်းသူများ ရှိရမည်ဖြစ်ကြောင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုအတွက် စာသင်ကျောင်းများတိုးချဲ့ဆောက်လုပ်ခြင်းသည် ငွေကုန်ကြေးကျများသည့်လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံအတွက် ဘတ်ဂျက်များရရှိရေး စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ခရီးသွားကဏ္ဍတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများမြှင့်တင်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နေပြည်တော် State Academy ကိုလည်း လာမည့်အောက်တိုဘာလအတွင်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့နှင့်တန်းတူဖြစ်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းသားသမီးများကို ဦးစားပေးအနေဖြင့် သင်ကြားပေးမည်ဖြစ်ပြီး နေပြည်တော်ရှစ်မြို့နယ်ရှိ ကျောင်းသားကျောင်းသူများကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တတိယနှစ်မှစတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး နောင်လေးနှစ်ကြာမြင့်ချိန်တွင် တက္ကသိုလ်အနေဖြင့် အပြည့်အဝသင်ကြားပေးနိုင်သည့် တက္ကသိုလ်တစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်အတွက် အကျိုးအမြတ်များစွာရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရှုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်အား မှတ်တမ်းတင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်မှုရရှိစေရေးအတွက်မြေပြင်ကွင်းဆင်းတိုက်တွန်းအားပေးဆောင်ရွက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခန့်အပ်ထားသည့်သင်ကြားရေးအထောက်အကူပြုနှင့် ဘာသာစကားသင်ဆရာဆရာမများအတွက် ဆရာအတတ်သင်ကျောင်းသို့မဟုတ် တက္ကသိုလ်ဖွင့်လှစ်ပေးနိုင်ရေး၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပန်းလှိုင်မြစ်ကူးတံတားတည်ဆောက်ပေးရေး၊ စပါးအထွက်နှုန်းတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွက်စိမ်းမြေဩဇာတိုးချဲ့အသုံးပြုရန် အသိပညာပေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ပေးရေး၊ နေပြည်တော်တွင် မြန်မာ့ယဉ်ကျေးမှုအမျိုးသားကဇာတ်များ စီစဉ်တင်ဆက်နိုင်ရေးအတွက် အမျိုးသားကဇာတ်ရုံတစ်ရုံ တည်ဆောက်ပေးရေး၊ ကုန်ဈေးနှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသူများအား အရေးယူဆောင်ရွက်ပေးရေး၊ နိုင်ငံ့ဝန်ထမ်းများ၏ချေးငွေပြန်ဆပ်ကာလအား ထပ်မံမြှင့်တင်ပေးရေး၊ ဒေသမျိုးရင်းငါးမျိုးများ တိုးပွားစေရေးနှင့် ငါးသယံဇာတတိုးပွားစေရေးအတွက် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်တားဆီးပေးနိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်နိုင်ရန် ရှေးဟောင်းသုတေသနပညာရှင်များအား ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေးနှင့် ခေတ်ခွဲခန်းပညာမြင့်မားလာစေရန် ဆောင်ရွက်ပေးရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် အဖျက်အမှောင့်လုပ်ငန်းများ ဝင်ရောက်မလာစေရေးအတွက် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ပေးရေး၊ ကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များအတွက် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ပေးရေး၊ ကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များအတွက် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ ဝန်ကြီးဌာနများတွင် ဝန်ထမ်းမိသားစုများ သံယောဇဉ်နှင့် မိသားစုစိတ်ဓာတ်တိုးပွားစေရန် ဝန်ထမ်းများနှင့်တာဝန်ရှိသူများ လက်ရည်တစ်ပြင်တည်း အတူတကွစားသောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ကုန်ဈေးနှုန်းကျဆင်းစေရေးအတွက် ယခုနှစ် မိုးစပါးအမှန်တကယ်ထွက်ရှိမှုနှင့် အရန်ဆန်လျှာထားမှုစာရင်းဇယားများအား အလေးထားဆောင်ရွက်ရေး၊ ကျောင်းသားကျောင်းသူများ အထက်အောက်အနိုင်ကျင့်မှုမဖြစ်စေရန် မိဘ၊ ဆရာပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေး၊ တာဝန်ထမ်းဆောင်နေသည့်ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား CDM ဝန်ထမ်းများနှင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများက နှောက်ယှက်နေမှုများအား ဖော်ထုတ်အရေးယူဆောင်ရွက်ပေးရေး၊ စီမံကိန်းသိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းအချို့၏ မသမာမှုလုပ်ရပ်ဆောင်ရွက်နေမှုများကို ဖော်ထုတ်အရေးယူဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကောင်စီဝင်များ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ငန်းအောင်မြင်မှုရရှိစေရေးအတွက်မြေပြင်ကွင်းဆင်းတိုက်တွန်းအားပေးဆောင်ရွက်နိုင်ရန်စနစ်တကျဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သင်ကြားရေးအထောက်အကူပြုနှင့် ဘာသာစကားသင်ဆရာဆရာမများ ခန့်အပ်တာဝန်ပေးခြင်းမှာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနှင့်ဘာသာကို ထိန်းသိမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိပညာရေးကောလိပ်များတွင် သင်တန်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့အား ဒီပလိုမာဘွဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပန်းလှိုင်မြစ်ကူးတံတားစီမံကိန်းနှင့်ပတ်သက်၍ အကြိုဆန်းစစ်လေ့လာမှုများဆောင်ရွက်သွားစေမည်ဖြစ်ကြောင်း၊ ရွက်စိမ်းမြေဩဇာကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအား ညွှန်ကြားထားကြောင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် အခြားသောဓာတ်မြေဩဇာကိုလည်းပေါင်းစပ်အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာရရှိရေးအတွက် အချို့သောနိုင်ငံများနှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် တိုင်းပြည်ကို စိတ်ချရသည့် အနာဂတ်နိုင်ငံတော်ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများကို လေ့လာကြည့်ရာတွင် နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီနှင့် တိုင်းရင်းသားလူမျိုးကိုအခြေခံသည့်ပါတီနှင့် တိုင်းရင်းသားလူမျိုးကို အခြေခံသည့်ပါတီဟူ၍ တွေ့ရှိရပါကြောင်း၊ နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုကို ကန့်သတ်ချက်များမထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် NCA ကိုအခြေခံ၍ ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းဥပဒေများကို စနစ်တကျ လေ့လာထားရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကိုလမ်းမှန်ပေါ်ရောက်အောင် အနာဂတ်နိုင်ငံတော်ကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်နိုင်ရေးအတွက် ကောင်စီဝင်များက လေးလေးနက်နက်စဉ်းစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂) တွင် အမျိုးသားဇာတ်ရုံအဖြစ် အသုံးပြုနိုင်ရေးနှင့် ရိုးရာယဉ်ကျေးမှုပြဇာတ်များ ပြန်လည်ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ရေးနှင့် ငွေကြေးတည်ငြိမ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ငါးသယံဇာတမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေးဟောင်းသုတေသနပညာရှင်များ ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်လျက်ရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် အထူးစီးပွားရေးဇုန်များ လုံခြုံစိတ်ချစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြုပ်နှံမှုများဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များအတွက် ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ မိတ်ဆုံစားပွဲများဆောင်ရွက်နိုင်ရေး ညွှန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်သူများနှင့် ဆက်နွှယ်သူများက နှောင့်ယှက်မှုများ မပြုနိုင်စေရန် ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၂၇ – ၉ – ၂၀၂၂ )





၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန–၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများ၌ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် သွားလာလည်ပတ်နိုင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၄၆ ခုနှစ်ကစတင် ဖွဲ့စည်းထားခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ က အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စီးပွားရေးတိုးတက်ရန် မောင်းနှင်အားတစ်ရပ်အဖြစ် မြှင့်တင်ရေး၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများနှင့် အသိပညာများ တိုးတက်ပြန့်ပွားရေး လုပ်ငန်းစဉ်များကိုလည်း ဦးဆောင်ထောက်ပံ့ကူညီပေးလျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း။

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏

အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိပြီး အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" "Rethinking Tourism" ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များက ကမ္ဘာတစ်ဝန်းရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများသည် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထိုသို့သောအခြေအနေတွင် ခရီးသွားလုပ်ငန်းကို ပြန်လည်တွေးတောသုံးသပ်ခြင်း (Rethink)၊ ပြန်လည်ဆောင်ရွက်ခြင်း (React)၊ ပိုမိုခံနိုင်ရည်ရှိစေခြင်း (Resilient) တို့ကို ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်း နေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက(၁၁)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများပြန်လည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာအဟန့်အတားများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်ထားခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြန်လည်ကြံဆဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း။

**ရပ်တန့်လုနီးပါးဖြစ်ခဲ့**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက်ဆုံးရှုံးစေခဲ့ပါကြောင်း၊ သက်ဆိုင်ရာအစိုးရများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်းမှာ ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များအပြင် ခရီးသွားလုပ်ငန်းများ ရပ်တည်ရှင်သန်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်လုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စဉ်ဆက်မပြတ်စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်း (COVID-19 Economic Relief Plan) အရ နိုင်ငံတော်ဘဏ္ဍာငွေ၏ ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ သုံးစွဲရန် သတ်မှတ်ထားခဲ့ရာ ယနေ့အထိ ခရီးသွားကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ငွေကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံပိုင် ငှားရမ်းဟိုတယ်များအတွက် ငှားရမ်းခများကို ၆ လ ရွှေ့ဆိုင်းပေးခြင်းအပြင် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်းလျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာကင်းလွတ်ခွင့်ပြုခြင်းများ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ကာကွယ်ဆေးထိုးနှံ**

ထို့ပြင် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကို နိုင်ငံတော်၏ ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံခြင်း အစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတစ်ဝန်း ခရီးသွားကဏ္ဍ ပါဝင်လုပ်ကိုင်သူဦးရေ ၃ သိန်းခန့်ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအပေါ် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ အောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ်စီမံချက် ၉၃ ခု ပါဝင်သည့် **"မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပြန်လည် ဦးမော့လာစေရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)"** ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြန်လည်ဖွင့်လှစ်**

ယခုအခါ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်သည့်

အတွက် မိမိတို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်ဟု သိရှိရပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်သည့်နေရာတွင် ခရီးသွားဧည့်သည်များ၏ ပြည်ဝင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိနေသေးသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကမ္ဘာအနှံ့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၂၅၀ ကျော် လှည့်လည်ဝင်ရောက်ခဲ့ပြီး ယမန်နှစ်က အလားတူကာလတွင် ၇၇ သန်းရှိခဲ့သည့်အတွက် ယခုနှစ်တွင် ၁၇၃ သန်းခန့် ပိုမိုဝင်ရောက်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ သိရပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၂၅ ရာခိုင်နှုန်းမျှရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှုအခြေအနေ လျော့နည်းလာသည်နှင့်အမျှ ပြည်တွင်းခရီးသွားလာမှုများ စတင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှစတင်ပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ခွင့်ပြုပေးခဲ့ရာတွင် ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်မည့် အလားအလာကောင်းများကို တွေ့မြင်ခဲ့ရသည့်အတွက် ကမ္ဘာလှည့် e-Visa ကို ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်က စတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်တွင်း/ပြည်ပခရီးသွားလာမှုများ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရပြီး လာမည့်ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ပြည်ပခရီးသွားလာမှု ပိုမိုတိုးတက်လာရန် မျှော်မှန်းပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ပြည်ပဧည့်သည်များနည်းတူ ပြည်တွင်းမှ မိမိတို့နိုင်ငံသားများကိုလည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလည်ပတ်နိုင်ရန်အတွက် ပြည်တွင်း ခရီးသွားလုပ်ငန်းများကိုလည်း ပြည့်စုံအောင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင်ရှိသည့် အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သည့်အပြင် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုကောင်းမွန်စေရေး စီမံခန့်ခွဲပေးနိုင်ရန်အတွက် တာဝန်သိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများအတူတကွ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

အားလုံးသိရှိကြသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ပါကြောင်း၊ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများစသည့် မတူကွဲပြား ထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့်အရာများ ဖြစ်ကြပါကြောင်း။

**ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး**

တစ်ချိန်တည်းတွင် ခရီးသွားလုပ်ငန်းအနေဖြင့် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလှပရေးကဏ္ဍ၊ မြို့ပြနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် တန်းတူညီမျှပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည့်လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို စနစ်တကျစုပေါင်းဆောင်ရွက်ခြင်းဖြင့် တီထွင်ဖန်တီးမှုအခြေပြုသည့် စီးပွားရေးပုံစံတစ်ရပ်ကို ဖော်ဆောင်နိုင်မည့်အလားအလာများကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံ၏

စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် များစွာပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးမှကဏ္ဍအသီးသီးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းပြန်လည်စတင်ရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများ၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အင်တာနက်အခြေခံ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရေးစသည့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကိုလည်း ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာလည်ပတ်နိုင်ရန်၊ ခရီးသွားများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာရရှိနိုင်အောင် စီစဉ်ပေးရန်၊ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ အားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်လာမည်**

အဆိုပါ လုပ်ငန်းစဉ်များအားလုံးကိုလည်း လိုအပ်ရင်လိုအပ်သကဲ့သို့ ပြန်လည်ပြုပြင်ဖန်တီးဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည်လည်း အခြားနိုင်ငံများနည်းတူ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

**"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ပြန်လည်ကြံဆဆောင်ရွက်စို့"** ဆိုသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရန်အတွက် ပြန်လည်ကြံဆမည့်လုပ်ငန်းစဉ်များတွင် မိမိတို့အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၈ - ၉ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ စက်တင်ဘာလ ၂၈ ရက်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စက်ရုံအစည်းအဝေးခန်းမ၌ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံမှ ချည်အမျိုးမျိုးထုတ်လုပ်နိုင်မှုအခြေအနေများ၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှု၊ ၂/၈၀ ချည်များအား ပြည်တွင်း၌ထွက်ရှိသည့် ဝါများဖြင့် ထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိမှုနှင့် စက်စမ်းသပ်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း၌ထွက်ရှိသည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့်ပိတ်များ ထုတ်လုပ်နိုင်မည့် အခြေအနေများ၊ ၂/၈၀ ချည်များအား စက်ရုံမှ ထုတ်လုပ်နိုင်သည့်အချိန်တွင် ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့်အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ စက်ရုံ၌ လက်ရှိတပ်ဆင်အသုံးပြုလျက်ရှိသည့် စက်များအား အရည်အသွေးမြှင့်တင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား အသေးစိတ်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

■ ■ ■

# မန္တလေးမြို့၊ စက်မှုဇုန် (၁) အတွင်း လုပ်ငန်းလည်ပတ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၉ - ၉ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၉ ရက်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့၊ စက်မှုဇုန် (၁)အတွင်းရှိ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ Super Mandalay Co.Ltd ၏ ဘုရင်ဘီစကစ်စက်ရုံသို့ရောက်ရှိကြရာ လုပ်ငန်းရှင်ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက်စက်ရုံအတွင်း ကုန်ကြမ်းအဆင့်မှထုပ်ပိုးမှုအထိ ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ပိုင်ဖြိုးမြန်မာကုမ္ပဏီ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုင်ဖြိုးမြန်မာကုမ္ပဏီ၏ အောင်နိုင်သူတွင်နှင့်သံရည်ကျို လယ်ယာသုံးရေပန့် သံမဏိသွန်းထည်လုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးအောင်ဆန်းက ကုန်ကြမ်းစုဆောင်းရရှိမှု၊ ကုန်ကြမ်းမှတဆင့် သံရည်ကျိုချက်ပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ရေစုပ်ပန့်အပါအဝင် ပန့်အမျိုးမျိုးနှင့် ပန့်အပိုပစ္စည်းများ၊ သတ္တုသွန်းထည်ပစ္စည်းများ၊ ကြိတ်ခွဲရေးလုပ်ငန်းသုံးအပိုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံထည်ပစ္စည်းများ စသည်တို့ကို ထုတ်လုပ်နေမှုအခြေ

အနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မောရိယတိုင်းရင်းဆေး ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင်သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်ဌေးဌေးခိုင်နှင့် စက်ရုံဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒေါက်တာ ဒေါ်ဌေးဌေးခိုင်က လိုက်လံရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံခန်းမတွင် စက်ရုံမှူး ဦးနေဝင်းက မောရိယတိုင်းဆေးဝါးကို ရှေးယခင်နှစ်ပေါင်း ၁၆၀ မှစ၍ ထုတ်လုပ်ခဲ့မှု၊ လက်ရှိအချိန်တွင် ဆေးဝါးများကို အဆင့်မီစွာဖြင့် ဆက်လက်ထုတ်လုပ်နေမှုအခြေအနေများကို Video clip ဖြင့် ရှင်းလင်းတင်ပြသည်။

**နှစ်ပေါင်း ၁၆၀ သက်တမ်းရှိ**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ရန်နှင့် ဓာတုဗေဒပစ္စည်းများကင်းစင်စွာဖြင့် ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ယခုမောရိယဆေးဝါးထုတ်လုပ်ရေးသည် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများ ရှိသဖြင့် စနစ်တကျထိန်းသိမ်းပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

■ ■ ■

# မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရတနာပုံခန်းမ၌တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၉ - ၉ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရတနာပုံခန်းမ၌ တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များ၊ MRCCI အသင်းနှင့် ညီနောင်အသင်းများမှလုပ်ငန်းရှင်များ မန္တလေးတိုင်းဒေသကြီးအတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ တင်ပြဆွေးနွေး**

ဦးစွာ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဌွေး၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံဝါလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်သန်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်များကိုယ်စား ကျောက်ဆစ်လုပ်ငန်းအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ဗိုလ်၊ ရှင်သန်ဆဲ ဒြပ်မဲ့ မျက်ပါးရွှေဆိုင်းအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက စက်မှုဇုန် သမိုင်းအကျဉ်း၊ စက်မှုဇုန်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ထုတ်ကုန်များ ဈေး

ကွက်ရရှိရေး၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုအရင်းအနှီးများရရှိရေးတို့အတွက် လိုအပ်မှုအခြေအနေများ၊ အနာဂတ်ကာလများတွင် စက်မှုဇုန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ဝါမျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ဈေးကွက်ရရှိရေး၊ ဝါစိုက်တောင်သူများ အရင်းအနှီးရရှိရေးအတွက် သက်သာသောအတိုးနှုန်းထားဖြင့် ရင်းနှီးမတည်ငွေများ နိုင်ငံတော်မှဆောင်ရွက်ပေးစေလိုမှု၊ သက်တမ်းပြည့်ချေးငွေများ သက်တမ်းတိုးမြှင့်ပေးစေလိုမှု၊ ကျောက်ဆစ်လုပ်ငန်းအတွက် မြေနေရာနှင့် စက်ပစ္စည်းလိုအပ်မှု၊ ရိုးရာလက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် မျက်ပါးရွှေဆိုင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တင်ဒါစနစ်အစား လက်ခစနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် နိုင်ငံတော်မှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးစေလိုမှု၊ စက်မှုဇုန်အတွင်း ရှေ့ပြေးနည်းပညာများလေ့လာ၍ရသည့် စာကြည့်တိုက်နှင့် သုတေသနစင်တာတစ်ခုတည်ထောင်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ပံ့ပိုးမှု၊ စက်မှုလုပ်ငန်းရှင်များ၏ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုများဖြင့် စက်မှုဇုန်များတွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရန်လိုအပ်မှု၊ ကုန်ချောပစ္စည်းများ ပြည်ပမှတိုက်ရိုက်တင်သွင်းမှုများကြောင့် ပြည်တွင်းကုန်ချောထုတ်လုပ်သူများအနေဖြင့် အခက်အခဲများဖြစ်ပေါ်နေမှု၊ ပြည်ပမှကုန် ချောတင်သွင်းမှုအပေါ်တွင် ထိုက်သင့်သည့်အခွန်ငွေများ ကောက်ခံရန်နှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းမှုအပေါ် အခွန်ငွေများလျှော့ခကောက်ခံမည်ဆိုပါက ပြည်တွင်းကုန်ချောထုတ်လုပ်မှုအပေါ် အထောက်အကူပြုနိုင်မှု၊ ထုတ်ကုန်များအတွက် Exhibition များပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်သစ်များကို ဖန်တီးပေးနိုင်ပြီး ထုတ်လုပ်သူများ အဆင်ပြေစေမည့်အခွန်စနစ်ဆောင်ရွက်ပေးရန်လိုအပ်မှု၊ MRCCI အသင်းနှင့် ညီနောင်အသင်းများအတွက် ရုံးခန်းများတစ်စုတစည်းတည်းဖွင့်လှစ်နိုင်ရေး အဆောက်အဦမြေနေရာအတွက် နိုင်ငံတော်မှသတ်မှတ်သောနှုန်းဖြင့် မြေနေရာစီစဉ်ပေးနိုင်ရေးအခြေအနေများကို အသီးသီးတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကိုတို့က ဝါနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ အထူးအလေးထားဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုးရေးအတွက် လိုအပ်သည့် သွင်းအားစုများရရှိနိုင်ရေး နိုင်ငံတော်မှရင်းနှီးငွေများ ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ တောင်သူများလက်ဝယ်သို့အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများရရှိရေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ အသေးစား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူလူထု ဝင်ငွေရရှိရေးတို့အတွက် သမဝါယမစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့်ပတ်သက်၍ နည်းပညာလိုအပ်ချက်များရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် ဗဟိုလုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်ပေးထားပြီး အခက်အခဲများရှိပါက ကော်မတီသို့ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားသည်။

**တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဆောင်ရွက်လျက်ရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် မန္တလေး

တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများတိုးတက်ရေးအတွက် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံး အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းဖြစ်ကြောင်း၊ စားရေရိက္ခာပေါများရေးနှင့်ပတ်သက်၍ သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် စားသောက်ဖွယ်ရာများသာမက တစ်ကိုယ်ရေသုံးပစ္စည်းများသည်လည်း ရိက္ခာတွင်ပါဝင်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်း နေထိုင်သူများက ဆောင်ရွက်ရခြင်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါများရေးနှင့် ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများပေါများရေး၊ သွင်းအားစုများ လုံလောက်စွာရရှိရေး၊ အရင်းအနှီးများ ရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန်လိုကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိရေး**

ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို လုံလောက်စွာထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များရှိရန်လိုအပ်ကြောင်း၊ ကုန်ကြမ်းကို ပြည်တွင်း၊ ဒေသတွင်း၌ လုံလောက်စွာရရှိနိုင်ရန်လိုအပ်ကြောင်း၊ သွင်းအားစုနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေ၊ မြေဩဇာ၊ မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်အစာအစာ၊ စက်မှုလုပ်ငန်းအတွက် လျှပ်စစ်စသဖြင့် ရရှိရန်အရေးကြီးကြောင်း၊ စက်မှုလုပ်ငန်းများအတွက် စွမ်းအင်နှင့် စွမ်းအားများလည်း လိုအပ်ကြောင်း၊ အပူပေးရသည့်လုပ်ငန်းများတွင် လျှပ်စစ်၊ ကျောက်မီးသွေး၊ ဂတ်စ်များကိုအသုံးပြုကြကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ယခင်ကတည်းက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အရင်းအနှီးများကြီးမားမှုကြောင့် အပိုင်းများခွဲ၍ ဆောင်ရွက်နေရကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့သွားရောက်ခဲ့စဉ်တွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းသည် အရင်းအနှီးကြီးမားသော်လည်း ရေရှည်အတွက်ကောင်းမွန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည်လည်း များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မကြာမီ ကာလအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

လောင်စာဆီများ၊ သဘာဝဓာတ်ငွေ့များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စက်သုံးဆီများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံဖိုးခန့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်းတွင်းရေနံထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ များစွာရှိနေသည့်အပြင် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍လည်း ကမ်းလွန်တွင်ထုတ်လုပ်၍ရသည့် အရင်းအမြစ်များ တွေ့ရှိထားပြီး ဖြစ်ကြောင်း၊ ဒီဇယ်ဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်အစားထိုးအသုံးပြုနိုင်သည့် စက်ကိရိယာများကို ပြောင်းလဲအသုံးပြုရမည် ဖြစ်ကြောင်း၊ ပို့ဆောင်ရေးစနစ်များတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်လည်း သဘောတူညီချက်များ ရရှိထားပြီးဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်သုံး ရထားများနှင့် ဘတ်စ်ကားများကို Public Transportation ကဏ္ဍတွင် ဦးစားပေးပြေးဆွဲနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ဆိုင်ကယ် အစီးရေ ၆ သန်းခန့် ရှိကြောင်း၊ နေ့စဉ် ဆီသုံးစွဲမှုများကို လျှော့ချနိုင်မည် ဆိုပါက ပြည်ပမှ စက်သုံးဆီ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်များကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်ဓာတ်ထုတ်လုပ်ခြင်းများအပြင် နေရောင်ခြည်

စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်၍ရခြင်းကြောင့် အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မန္တလေးမြို့တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းမှုများ ကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထွက်ကုန်၊ ထုတ်ကုန်များကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

စက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းသေချာသည့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးဒေသတွင် စိုက်ပျိုးရေးကုန်ကြမ်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ကြမ်းများ များစွာထွက်ရှိပြီး လိုအပ်သည့်ကဏ္ဍများတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ဒေသအလိုက်စိုက်ပျိုးသည့် မျိုးများ တူညီမှုရှိစေရေး အစုအဖွဲ့အလိုက် တတ်နိုင်သမျှဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများ စိုက်ပျိုးကြကြောင်း၊ အဆင့်မီဝါများ ထွက်ရှိရေးအတွက် အရည်အသွေးပြည့်မီသည့် ဝါမျိုးကောင်းမျိုးသန့်များရရှိအောင် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဝါအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ ဝတ်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများစွာရှိသည့် အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေး လုပ်ငန်းများစွာရှိပြီး အချို့သော မွေးမြူရေးလုပ်ငန်းများသည် မိရိုးဖလာအတိုင်းသာ မွေးမြူကြသည်ကိုတွေ့ရှိရကြောင်း၊ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် မွေးမြူမည် ဆိုပါက မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ ငါးမွေးမြူရေးလုပ်ငန်းများမှလည်း စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အရည်အသွေးမြင့် မွေးမြူရေးထုတ်ကုန်များကိုထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကိုအားပေးခြင်းဖြစ်**

စက်မှုကုန်ကြမ်းများအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများနှင့် သစ်ကုန်ကြမ်းများ ရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ထုတ်လုပ်သည့်ပစ္စည်းများမှာ အရည်အသွေးပြည့်မီရန်လိုအပ်သကဲ့သို့ ထုတ်ကုန်ပစ္စည်းများကို သိရှိစေရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ၊ နည်းပညာများ၊ လူသားအရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံငွေများလိုအပ်ကြောင်း၊ ထုတ်ကုန်ပြပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုးရေးအတွက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်ပြီး ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကိုဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံရှိ ကုန်ထုတ်လုပ်မှုများတွင် ပြည်ပမှဝင်ရောက်ဆောင်ရွက်ခြင်းထက် မိမိတို့ကိုယ်တိုင်ဦးစီးဆောင်ရွက်မှုများကို အားပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင်ဖော်ဆောင်ရမည်ဖြစ်

ကြောင်း၊ ဈေးကွက်ရရှိရေးအတွက် တာဝန်ရှိသူများ အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်မှ စိုက်ပျိုးရေးချေးငွေများကို ယခင်ကတည်းက ထုတ်ချေးပေးခဲ့ကြောင်း၊ နိုင်ငံတော်သို့ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသေးသည်များလည်းရှိကြောင်း၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသည့် ကိုဗစ်-၁၉ ချေးငွေများနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရန် ကာလကို သက်တမ်းတိုးပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုများပြားခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတဘဲ ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကိုလည်း လျှော့နည်းအောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးရန်နှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်လိုပြီး တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ဒေသအတွင်းကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရမှုများ နည်းပါးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် တိုက်တွန်းပြောကြားသည်။

■ ■ ■

# (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှအားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022) နှင့် နိုင်ငံတကာဗိုလ်လောင်း များ အားကစားပြိုင်ပွဲ (3rd World Cadet Games-2022) တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၉ - ၂၀၂၂ )





(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်ဆုရရှိခဲ့သော တပ်မတော်မှအားကစားသမားများနှင့် ဆုရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022) နှင့် နိုင်ငံတကာ ဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ညီ့ခန်းမဆောင်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်းအခမ်း အနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိ ကြီးများ၊ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစား သမားများနှင့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အား ကစားပြိုင်ပွဲ (International Army Games–2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd World Cadet Games–2022) တို့တွင် ဆုရရှိခဲ့သည့် ကစား သမားများတက်ရောက်ကြသည်။

**နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတော်ကို စွမ်းအားပြည့်ကာကွယ်စောင့်ရှောက်ရေးအတွက် ခေတ်မီတပ်မတော်များအဖြစ် အပြိုင်အဆိုင်တည်ဆောက် လျက်ရှိရာ အရည်အသွေးပြည့်ဝသည့် စစ်အသုံးအဆောင် ပစ္စည်းများနှင့် အားဖြည့်ရုံသာမကဘဲ စွမ်းရည်ထက်မြက် သည့် တပ်မတော်တစ်ရပ်ဖြစ်စေရေးအတွက် ရုပ်ပိုင်း ဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမလျော့ သော ဇွဲ၊ လုံ့လရှိမှုများအပြင် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မှုရှိစေရေးအတွက် အစဉ် မပြတ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထိရောက်ထက်မြက်စွာထမ်းဆောင်နိုင်ရေး "အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ မျိုးချစ်တပ်မတော်တည်ဆောက်ရေး" ရည်မှန်းချက်ထား ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ပင်ဖြစ်ကြောင်း၊ ကာကွယ်ရေးဆို ရာတွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်း၊ ပြည်ပရန်စွယ်မှန် သမျှကို ကာကွယ်စောင့်ရှောက်ရေးတို့အပြင် နိုင်ငံတော် နှင့်တပ်မတော်၏ဂုဏ်ကိုလည်း ကာကွယ်စောင့်ရှောက် ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သား များအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင် ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုကိုဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ် ကြောင်း၊ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုး တစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ပေါ်လွင်စေနိုင်ကြောင်း၊ အားကစား ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တပ်မတော်သား များအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်ကို အရင်းခံသည့် အားကစားစိတ်ဓာတ်နှင့်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ တိုင်းပြည်ချစ်စိတ်ရှိမှလည်း တိုင်းပြည်ကို ကာကွယ်လို စိတ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုင်း ပြည်ချစ်စိတ်၊ တိုင်းပြည်ကာကွယ်လိုစိတ်အပေါ်အရင်း ခံ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုဂုဏ်ယူကြောင်း။

ပြိုင်ပွဲများတွင် တပ်မတော်သားများအနေဖြင့် တပ်မတော်သားပီပီ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျော့ သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် နိုင်ငံတော်အကျိုးကို မည်သည့် နေရာကမဆို ဆက်လက်သယ်ပိုးလိုသည့်စိတ်ဓာတ်ထား ရှိသည်ကို တွေ့ရှိရကြောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံမသန် စွမ်းသူများအားကစားပြိုင်ပွဲတွင် မိမိတို့မြန်မာနိုင်ငံက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအနေဖြင့် ပြေးခုန် ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်နှင့် မသန်စွမ်းဘောလုံး အားကစားနည်းတို့တွင် စုစုပေါင်းဆုတံဆိပ် ၄၃ ခုရရှိခဲ့ပြီး ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခုနှင့် နိုင်ငံအလိုက်အဆင့် ၆ တွင် ရပ်တည်နိုင်ခဲ့သည်ကိုတွေ့ရ ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရရှိသူများအနက် မိမိတို့ တပ်မတော်သား အားကစားသမားကိုးဦးက ရွှေ တံဆိပ်ငါးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ကိုးခု၊ စုစုပေါင်းဆုတံဆိပ်မျိုးစုံ ၁၈ ခုကို ဆွတ်ခူးပေးနိုင်ခဲ့သည် ကို တွေ့ရကြောင်း။

အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်ကစပြီး နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ခြင်းဖြစ် ကြောင်း၊ ယင်းပြိုင်ပွဲများတွင် တိုင်းပြည်အတွက် ကိုယ်လက် အင်္ဂါစွန့်လွှတ်ခဲ့သည့် တပ်မတော်သားများသည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကိုဆောင်ကြဉ်းပေးခဲ့ ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရှေ့နောင်တော် များ၏ အစဉ်အလာကောင်းများအပြင် မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရန် မှာကြား လိုကြောင်း၊ ထို့အပြင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့သည့် အခြားတပ်မတော်သားများကိုလည်း မိမိတို့၏ကျန်းမာရေးအတွက်ပင်ဖြစ်ဖြစ် နိုင်ငံတော်နှင့် တပ်မတော်အကျိုးအတွက် အားကစားနှင့်မြင့်တင်မည့် စိတ်ဖြင့် အားကစားကိုလေ့လာလိုက်စားကြရေး လှုံ့ဆော် ပေးသွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းကြီး ၃ ရပ်တွင် ဒုတိယ

အချက်ဖြစ်သည့် လေ့ကျင့်ရေးတာဝန်နှင့်ပတ်သက်ပြီး မိမိတို့သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် မိမိတို့သင်ကြားလေ့ကျင့်ထားသည့်စစ်ပညာများကို ကျွမ်းကျင်မှုရှိအောင် စဉ်ဆက်မပြတ်လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ နည်းပညာပိုင်းဆိုင်ရာအတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိစေရေးအတွက် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games) ကို ၂၀၁၈ ခုနှစ်ကစတင်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုဆိုလျှင် ငါးကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ် ဝင်ရောက်ယှဉ်ပြိုင်သည့် International Army Games ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံနှင့်အတူ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ စစ်မြေပြင်ဆေး တပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော် တင့်တပ်ဖွဲ့ဝင်များအနေဖြင့် International Army Games တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုနှစ်အပါအဝင် ငါးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့် ၁၆၊ ၂၀၁၉ ခုနှစ် Division-2 တွင် ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့်ငါး၊ ၂၀၂၀ ပြည့်နှစ် Division-2 တွင် ပြိုင်ပွဲဝင် ၈ သင်းအနက် အဆင့်လေး၊ ၂၀၂၂ ခုနှစ် Division-2 တွင် ပြိုင်ပွဲဝင် ၈ သင်းအနက် အဆင့်သုံးရရှိခဲ့ပြီး ယခုနှစ် Division-2 ၌ ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့်တစ်ရရှိခဲ့ကြောင်း၊ တစ်ဆက်တည်း၌ပင် လက်ဖြောင့် သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၌ အသင်းလိုက်စွမ်းရည်ပြိုင်ပွဲ တတိယဆု၊ အမြန်ဆုံးလက်ဖြောင့်စစ်သည်ပြိုင်ပွဲတွင် တတိယဆုတို့ရရှိခဲ့ပြီး ပြိုင်ပွဲဝင်ခုနစ်နိုင်ငံအနက် အဆင့်လေးနေရာ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲတွင် ဇွဲသတ္တိဆုရရှိခဲ့သည်ကိုတွေ့ရကြောင်း။

ယခုနှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲလည်း ပါဝင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် ဂီတကိုဖော်ကျူးနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး တီးခတ်မှုတူရိယာပြိုင်ပွဲတွင် ပထမဆု၊ ရုရှားသီချင်းစုံတွဲ အဆိုပြိုင်ပွဲတွင် ပထမဆု၊ တစ်ဦးချင်းအမျိုးသမီး အဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာအကပြိုင်ပွဲတွင် တတိယဆုတို့အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှု People's Choice Award ၌ ပထမဆု၊ ယဉ်ကျေးမှုပြခန်းပြိုင်ပွဲတွင် တတိယဆု၊ ယဉ်ကျေးမှုပြခန်းခင်းကျင်းမှု အကောင်းဆုံးဆု၊ ရိုးရာဝတ်စုံအကောင်းဆုံးပထမဆုနှင့် စစ်ဘက်ဆိုင်ရာချစ်ကြည်ရင်းနှီးမှုတည်တံ့စေမှုဆုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၇ နိုင်ငံအနက် အဆင့်ခုနစ်နေရာကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် ယခုနှစ်တွင် ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd World Cadet Games) တွင် အားကစားနည်း ၇ မျိုးအနက် ၃ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရိုင်ဖယ်သေနတ်ပစ် တစ်ဦးချင်းအမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပထမဆု၊ ရိုင်ဖယ်သေနတ်ပစ်အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ဒုတိယဆု၊ ပစ္စတိုသေနတ်ပစ်တိကျ ပစ်ခတ်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုနှင့် ပစ္စတို သေနတ်ပစ်အသင်းလိုက်အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ယှဉ်ပြိုင်ခဲ့ရာ အဆင့်ရှစ်နေရာရရှိခဲ့သည်ကိုတွေ့ရကြောင်း။

**နိုင်ငံတော်နှင့် တပ်မတော်ကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်**

မိမိတို့ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲများ၏ အောင်မြင်မှုရလဒ်များကို ပြန်လည်သုံးသပ်ကြည့်ပါက တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှုမြင့်တက်လာသည်ကိုတွေ့ရှိရသဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ အဆင့်တိုးတက်လာခြင်းသည် တစ်ဦးချင်း၏လေ့ကျင့်သားပြည့်ဝမှုနှင့် စုစည်းညီညွတ်မှုရလဒ်များကြောင့်ပင်ဖြစ်ကြောင်း၊ မည်သည့်အားကစားမဆို “ယှဉ်ပြိုင်ခြင်းသည် အဓိက” ဟုဆိုသော်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်ဟူသည့် ပြင်းပြသည့်ရည်မှန်းချက်ထားပြီး တပ်မတော်သားပီပီ နိုင်ငံတော်နှင့် တပ်မတော်အတွက် မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ တပ်မတော်သားများတွင် ရှိပြီးသားကောင်းမွန်သည့် ယုံကြည်ချက်၊ ခံယူချက်များ

ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲမျိုးစုံတွင် အောင်မြင်မှုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

အုပ်ချုပ်သူနှင့်နည်းပြများအနေဖြင့်လည်း ယခုကဲ့သို့ဆုများရရှိအောင် သင်ကြားပြသပေးနိုင်မှုအပေါ် ဂုဏ်ပြုအသိအမှတ်ပြုသလို ပြီးခဲ့သည့်ပြိုင်ပွဲများတွင် မိမိတို့ကစားသမားများ၏ အားနည်းချက်၊ အားသာချက်များအပြင် အခြား ပြိုင်ပွဲဝင်နိုင်ငံများ၏ အားသာချက်များကိုသုံးသပ်ပြီး အောင်မြင်မှုများပိုမိုမြင့်မားလာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အားကစားသမားများကိုလည်း ရဲဘော်စိတ်ထားရှိပြီး အောင်ပွဲခံလိုစိတ်ဖြင့် ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားကြရန် ဖြည့်စွက်မှာကြားလိုကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးတပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ကို မှတ်ယူထားကြရမည်ဖြစ်ကြောင်း၊ ဆုရအားကစားသမားများအနေဖြင့် လက်ရှိရရှိထားသည့်အောင်မြင်မှုမှ လျော့ကျသွားခြင်းမရှိအောင်၊ လက်ရှိ ရရှိထားသည့် အောင်မြင်မှုထက်ပိုမိုသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်များဖြစ်အောင် မိမိကိုယ်မိမိ စဉ်ဆက်မပြတ်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်အတွက် အမျိုးကိုချစ်စိတ်၊ နိုင်ငံ့ချစ်စိတ်ကိုစဉ်ဆက်မပြတ်ထားရှိပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်းနှင့် နောင်မျိုးဆက်သစ်လူငယ်များအတွက် ဂုဏ်ယူလေးစားဖွယ် စံနမူနာကောင်းများကိုလက်ဆင့်ကမ်းဖြန့်ဝေသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■